အရိယ သစ္စာန ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ မြတ်စွာဘုရားဟောကြားတော်မူသော သစ္စာလေးပါးတရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ ၂၀၀၄ ခုနှစ်၊ မေ ၂၅ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၃၅)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အာဂျင်တီးနားနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် မေ ၂၅

၂၀၀၄ခုနှစ် မေ ၂၅ရက်တွင်ကျရောက်သော အာဂျင်တီးနားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အာဂျင်တီးနားသမ္မတနိုင်ငံသမ္မတ နက်စတာ ကာလိုစ် ကာချပ်စ်နာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် အမှာ စကားပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် လုပ်ငန်းကော်မတီနှင့်စီမံခန့်ခွဲမှုကော်မတီ ညှိနှိုင်းအစည်းအဝေး တက်ရောက်မှာကြား

ရန်ကုန် မေ ၂၄

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့်စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အနော်ရထာရိပ်သာအစည်းအဝေးခန်းမ၌ ကျင်းပသည်။ ***စာမျက်နှာ ၈ ကော်လံ ၁*** ❐

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားညီလာခံအစုအဖွဲ့ နှစ်ဖွဲ့ စာတမ်းများပြုစုရေးညှိနှိုင်း စာတမ်းပြုစုရေးနှင့် ဖိတ်ကြားတင်သွင်းရေးဆိုင်ရာများ ရှင်းလင်းဆွေးနွေး

ရန်ကုန် မေ ၂၄

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များဖြစ်ကြသည့် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့ **(အောက်ပုံ)**တို့သည် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်နှင့်ပတ်သက်၍ မိမိတို့အစုအဖွဲ့များက စာတမ်း များပြုစုရေးနှင့် ဖိတ်ကြားတင်သွင်းရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးပွဲများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိသတ်မှတ်ထားသောဆွေးနွေးပွဲခန်းမ၌ ကျင်းပကြသည်။ ***စာမျက်နှာ ၈ ကော်လံ ၁*** ■

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ မေလ ၂၅ ရက်)

တိုင်းရင်းသားစည်းလုံးမှု တိုးပွားခိုင်မာရေးဦးတည် နယ်စပ်ဒေသဖွံ့ဖြိုးရေး အရှိန်အဟုန်မြှင့်ကြိုးပမ်း

ယခုနှစ်မတ်လ ၂၉ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

အချို့နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးသည် အတွင်းပိုင်းဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုထက်ပင် သာလွန်မြန်ဆန်နေသည်ကို တွေ့ရကြောင်း၊ နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုများ သွက်လက်မြန်ဆန်သည့်အလျောက် ရရှိဖြစ်ထွန်းနေသည့် အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်းများချမှတ်လုပ်ဆောင်ရာ၌ အတော်အတန်ထိရောက်စွာ ဆောင်ရွက်နိုင်သည့်လုပ်ငန်းများရှိသကဲ့သို့ အချို့ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့်လုပ်ငန်းများလည်း ရှိနေသေးကြောင်း၊ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည့် အခြေအနေမှာ လုပ်ငန်းများအရှိန်အဟုန်မပျက် အောင်မြင်ဖြစ်ထွန်းစေရေးအတွက် ဖိဖိစီးစီးပီပီပြင်ပြင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ မိမိဘဝ မိမိရပ်တည်နိုင်ပြီး လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားလာရေး၊ ဆင်းရဲနွမ်းပါးမှု လျော့နည်းပပျောက်ရေးတို့အတွက် ဆက်လက်ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး စဉ်ဆက်မပြတ် တိုးတက်မြင့်မားသွားစေရန် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ စီမံဆောင်ရွက်သွားရန်လိုကြောင်း

လမ်းညွှန်မိန့်ကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မာစေရေးအတွက် ဦးတည်ဆောင်ရွက်နေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရန် အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရ၏ဦးဆောင်မှု၊ ပံ့ပိုးကူညီမှုများနှင့် တိုင်းရင်းသားခေါင်းဆောင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှုများကြောင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် (၁၄)နှစ်ကျော်ကာလအတွင်းတွင် ယခင် ခေတ်ကာလက နယ်စပ်ဒေသရှိကျေးရွာအဆင့်မျှသာရှိခဲ့သည့် ဒေသများ၌ ယခုအခါတွင် ခေတ်မီမြို့ကြီးပြကြီးများ၊ ကြီးမားကျယ်ပြန့်သည့် စိုက်ပျိုးရေးလုပ်ငန်းကြီးများ၊ မွေးမြူရေးစခန်းကြီးများဖြင့် သိသာထူးခြားစွာ တိုးတက်ပြောင်းလဲလာခဲ့သည်။

မေလ ၂၂ ရက်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ ကျင်းပသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး(၃/၂၀၀၄)တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆွေးနွေးမှာကြားရာ၌–

"ယခုအချိန်အခါတွင် ပြည်ထောင်စုကြီးကမ္ဘာတည်သရွေ့ အဓွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် တည်ငြိမ်ခိုင်ခံ့သည့် အခြေခံကောင်းများ တည်ဆောက်အကောင်အထည်ဖော်နိုင်စေရန် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိရာတွင် တိုင်းရင်းသားလူမျိုးများအားလုံး စုံစုံညီညီတက်ရောက်နေသည်ကို တွေ့ရကြောင်း၊ ဤကဲ့သို့ တိုင်းရင်းသားလူမျိုးများအားလုံး စုံစုံညီညီတက်ရောက်လျက် မိမိတို့တိုင်းရင်းသားလူမျိုးများ၏ အနာဂတ်ရေးကို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဆွေးနွေးညှိနှိုင်းနေကြခြင်းမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာစွာဖြစ်ထွန်းနေမှုကို ဖော်ညွှန်းပြဆိုနေခြင်းဖြစ်သည်နှင့်အညီ အမျိုးသားညီလာခံကြီး မျှော်မှန်းချက်နှင့်အညီ အောင်မြင်ဖြစ်ထွန်းလာမည်ဟု ယုံကြည်ထားပြီးဖြစ်ကြောင်း" ပြောကြားသွားသည်။

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ပြီး ပြည်ထောင်စုကြီး၏ အခြားသောနယ်မြေဒေသများနှင့် တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းလာသည်နှင့်အမျှ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မာမှုနှင့်အတူ ပြည်ထောင်စုကြီး ပိုမိုခိုင်ခံ့တည်တံ့ခိုင်မြဲမှု အကျိုးရလဒ်ကောင်းများပါ ဖြစ်ထွန်းလာလျက် ရှိနေပြီဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မာသည်ထက် တိုးပွားခိုင်မာစေရေးဦးတည်လျက် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ တိုင်းရင်းသားလူမျိုးများ စုံစုံညီညီ တက်ရောက်လျက်ရှိသည့် အမျိုးသားညီလာခံကြီးသည်လည်း မျှော်မှန်းချက်နှင့်အညီ အောင်မြင်ဖြစ်ထွန်းလာမည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ စာအောင်သံဃာများအား ချီးကျူးပူဇော်

ရန်ကုန် မေ ၂၄

သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပခဲ့သည့် (၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲသို့ တိပိဋကဓမ္မရက္ခိတအဖွဲ့၏ ဓမ္မဗိမာန်တော်၌ ၇၂ရက်တာမျှ သီတင်းသုံး၍ အဖွဲ့၏ ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းမှုကို ခံယူတော်မူကြပြီး စာမေးပွဲဝင်ရောက်ဖြေဆို အောင်မြင်တော်မူကြသော စာအောင်သံဃာတော်များအားအဖွဲ့၏ ချီးကျူး ဂုဏ်ပြုပူဇော်ပွဲနှင့် အလှူရှင်များ၏ ရေစက်ချ အလှူတော် မင်္ဂလာအခမ်းအနားကို ယမန်နေ့နံနက် ၈နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ တိပိဋကဓမ္မရက္ခိတဗိမာန်တော်၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သရက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ မော်လမြိုင်မြို့ ဝဲပုံကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိဇယာဘိဝံသနှင့် ပင့်သံဃာတော်များနှင့် စာအောင်သံဃာတော်အပါး ၄၀ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကို၊ တိပိဋကဓမ္မရက္ခိတအဖွဲ့ နာယကကြီးများ၊ အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ပရိတ်တရားနာ

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော် အရှင်သူမြတ်များ ချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် တိပိဋကဓမ္မရက္ခိတအဖွဲ့ဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတရဦးစိန်တင့်က ပူဇော်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားပြီး စာပေဗိမာန်စာပေဆုရ စာရေးဆရာမ မဟာဂီတတေးသံရှင် ရွှေကူနန်းနွဲ့နွဲ့က ၎င်းကိုယ်တိုင်စပ်ဆိုသည့် တေးထပ်ဖြင့် သီဆိုပူဇော်သည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ပင့်သံဃာတော်အရှင် သူမြတ်များအား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရွှေကူနန်းနွဲ့နွဲ့ ရေးသားစပ်ဆိုသော ပိုဒ်စုံရတုကို အဆိုတော်ထားက သီဆိုပူဇော်သည်။

ထို့နောက် တိပိဋကဓမ္မရက္ခိတအဖွဲ့၏ ထောက်ပံ့လှူဒါန်းမှုဖြင့် အဖွဲ့တွင် ပထမဦးဆုံး ပေါ်ထွန်းလာသော တိပိဋကဓရ တိပိဋကကောဝိဒ ပိဋကတ်သုံးပုံအောင်သာသနာ့အာဇာနည် အရှင်သုန္ဒရအား အဖွဲ့ကိုယ်စား အဖွဲ့ဥက္ကဋ္ဌက လည်းကောင်း၊ အဘိဓမ္မာရှေ့ပိုင်း ငါးကျမ်းသဘောရေးဖြေ အောင်မြင်တော်မူသော အရှင်အဘိဇာတာဘိဝံသအား ဆွမ်းအလှူရှင် ဦးဟန်ဝင်း–ဒေါ်မာလာတို့က လည်းကောင်း၊ ဒီဃဘာဏကအောင်သုံးပါး၊ ဝိနယကောဝိဒအောင်သုံးပါး၊ ဝိနယဓရအောင်ငါးပါး၊ ဥဘတောဝိဘင်္ဂရအောင် ၂၇ပါးတို့အား တာဝန်ရှိသူများက လည်းကောင်း၊ ဂုဏ်ပြုလက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အဖွဲ့၏ ဩဝါဒါစရိယ ယောဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ သီရိန္ဒာဘိဝံသထံမှ ပရိသတ်များက ရေစက်ချ အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပေးအပ်

တောင်ဥက္ကလာပမြို့နယ် မီးသတ်တပ်ဖွဲ့စခန်း မိသားစု ပညာသင်စရိတ် ပေးအပ်ပွဲအခမ်းအနားကို မေ ၁၉ရက်က ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးအောင်ဝင်းစိန်က မီးသတ်တပ်ဖွဲ့ဝင်သားသမီးများအား ပညာသင်စရိတ်ပေးအပ်စဉ်။ (၁၉၂)

မေ ၁၈ရက်က မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေး ဆေးရုံကြီး သံဃာ့ဆောင်တွင် အသုံးပြုရန်အတွက် ကွယ်လွန်သူ ဦးကြည်စိန် (ထားဝယ်)အား ရည်စူး၍ ကျန်ရစ်သူမိသားစု ကိုယ်စား သားဖြစ်သူ ဦးမြတ်ဆု မိသားစုက ဆေးရုံသုံးခုတင်၊ Wheel Chair°၊ ဆေးမွေ့ရာ၊ ကုလားထိုင်၊ လမ်းလျှောက် အကူကိရိယာနှင့် ဆေးမျိုးစုံကို ဆေးရုံအုပ်ကြီး ဒေါက်တာမြသောင်း သို့ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မြဝတီရုပ်မြင်သံကြား

၂၅–၅–၂၀၀၄
(အင်္ဂါနေ့)
နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၀ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Finance (စီးပွားရေး၊ စီးပွားစီမံ)
၅း၃၀ ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ မြန်မာ့ရှုခင်း
၆း၄၀ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရုပ်စုံလင်ရုပ်မြင်ဇာတ်လမ်း **"ဝင်းပပလှသူလေးရယ်"** (အပိုင်း–၁၄)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ ရုပ်စုံလင်ရုပ်မြင်ဇာတ်လမ်း **"အမှန်တရားဘက်ကလှုပ်ရှားမားသမား"**(အပိုင်း–၃)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အငြိမ့်အဖွဲ့က မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်ရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက် ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များအား အနုပညာဦးစီးဌာနအငြိမ့်အဖွဲ့ ဖျော်ဖြေတင်ဆက်

ရန်ကုန် မေ ၂၄

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့်သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ် ည၇နာရီမှစတင်ကာ ရန်ကုန်တိုင်း မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိရာ ယမန်နေ့ညပိုင်းတွင် မင်းသမီးများဖြစ်ကြသော မြင့်မြင့်ကြည်နှင့် ခိုင်သဇင်သင်း၊ လူရွှင်တော်များဖြစ်ကြသော ပန်းသီး၊ ပေါက်စီ၊ ဂျိုးသိန်းနှင့် ဆီးသီးတို့ပါဝင်သည့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနအငြိမ့်အဖွဲ့က ဖျော်ဖြေတင်ဆက်သည်။

ကြည့်ရှုအားပေး

ယင်းသို့ ဖျော်ဖြေတင်ဆက်ရာသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုး၊ အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင်၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်နှင့် လုပ်ငန်းကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဆပ်ကော်မတီဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဂုဏ်ပြုဆုငွေချီးမြှင့်

အနုပညာဦးစီးဌာန အငြိမ့်အဖွဲ့ ဖျော်ဖြေတင်ဆက်အပြီးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေများကို အမျိုးသားညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်အောင်မြင့်က ချီးမြှင့်ပြီး ရန်ကုန်တိုင်းမှ အမျိုးသားညီလာခံကိုယ်စားလှယ် ဒေါက်တာခင်ရွှေက ဂုဏ်ပြုဆုငွေများချီးမြှင့်ရာ ခေါင်းဆောင်မင်းသမီးမြင့်မြင့်ကြည်က လက်ခံယူသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အငြိမ့်အဖွဲ့က မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်ရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်က ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေကို ကော်မရှင် တွဲဖက်အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်အောင်မြင့်က ချီးမြှင့်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အငြိမ့်အဖွဲ့က မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်ရာ ရန်ကုန်တိုင်းမှ အမျိုးသားညီလာခံကိုယ်စားလှယ် ဒေါက်တာခင်ရွှေက ဂုဏ်ပြုဆုငွေများ ချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်းများအရည်အသွေးတိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် မေ ၂၄

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့နှင့် ဂျပန်နိုင်ငံ ဆာဆာကာဝါ ငြိမ်းချမ်းရေးဖောင်ဒေးရှင်းတို့ ကြီးမှူးကျင်းပသည့် နိုင်ငံ့ဝန်ထမ်းများ အရည်အသွေး တိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ၂၀၀၄ (တောင်ကြီး)ကို မေ၂၄ရက် နံနက်၉နာရီတွင်တောင်ကြီးမြို့နယ် အေးသာယာမြို့ အေးသာယာဂေါက်ကွင်း စခန်းသာ၌ ပြုလုပ်သည်။

တက်ရောက်

ဆွေးနွေးပွဲသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်နှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မြင့်၊ ဦးလှမြင့်ဦး၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်မှ (တိုင်းဦးစီးဗိုလ်မှူးကြီး) ဗိုလ်မှူးကြီးဝင်းလှိုင်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ရဲထွန်းစိန်၊ ဆာဆာကာဝါ ငြိမ်းချမ်းရေးဖောင်ဒေးရှင်းမှ အမှုဆောင်ဒါရိုက်တာ ဒေါက်တာ ဆီကီအာကီနိုရီနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အောက်ရှိ ဦးစီးဌာနနှင့် တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်နှင့် ပါမောက္ခချုပ်များ၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပြည်နယ်အဆင့် ဖိတ်ကြားထားသူများ၊ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်မည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၅၈ဦး တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က ကြိုဆိုနှုတ်ဆက်စကားပြောကြားပြီး ဂျပန်နိုင်ငံ ဆာဆာကာဝါငြိမ်းချမ်းရေး ဖောင်ဒေးရှင်းမှ အမှုဆောင် ဒါရိုက်တာ ဒေါက်တာဆီကီအာကီနိုရီက အမှာစကားပြောကြား၍ အခမ်းအနားကို ခေတ္တရပ်နားသည်။

စာတမ်းများဖတ်ကြား

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်များကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းဖွဲ့စည်းမှုနှင့် လုပ်ငန်းများ စာတမ်းကို ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (သင်ကြားရေး) ဒေါ်ခင်စီစီက လည်းကောင်း၊ မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းများ စုဆောင်းခြင်းနှင့် ရွေးချယ်ခြင်းစာတမ်းကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်ကလည်းကောင်း၊ မလေးရှားနိုင်ငံ နိုင်ငံ့ဝန်ထမ်းစုဆောင်းခြင်းနှင့် ရွေးချယ်ခြင်းစာတမ်းကို ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ဒုတိယပါမောက္ခချုပ် (လေ့ကျင့်သင်ကြားရေး) ဒေါက်တာကံရှိန်က လည်းကောင်း၊ ထိုင်းနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းဖွဲ့စည်းမှုနှင့် လုပ်ငန်းများစာတမ်းကို ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ဒုတိယပါမောက္ခချုပ် (လေ့ကျင့်သင်ကြားရေး) ဦးလှထွန်းကလည်းကောင်း အသီးသီးဖတ်ကြားကြပြီး တက်ရောက်လာကြသော နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များက အစုအဖွဲ့ သုံးစုခွဲ၍ ပြန်လည်ဆွေးနွေးကြကာ ညနေ ၅နာရီတွင် ပထမနေ့ ဆွေးနွေးပွဲကို ရပ်နားသည်။ အဆိုပါလုပ်ငန်းဆွေးနွေးပွဲကို မေ ၁၂ရက်မှ ၁၄ရက်အထိ သုံးရက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြကန်သာ

- ကန်လယ်မှာ ပွင့်လိုဇောနဲ့
မျှော်မောတဲ့ ကုမုဒြာ။
ညအမှောင် ပယ်ကာခွင်း
လင်းပေါ့ စန္ဒာ။
- လေပြည်အဖျန်းမှာလ
ငွေရည်ဆမ်းလေတော့
ထိနမ်းသည့် ပုံပမာ
ငုံအလွှာ အသာဖွင့်။
ဆင်းသန့်ငွေယုန်
ဝင်းဖန့်ဖန့် ရွှေကြာမုံနှင့်
ဖူးစာဆုံ ချစ်ရည်မျှလေတော့
မြကန်သာ အခါကြုံသင့်လို့
ညယံမှာ သာပုံတင့်တယ်
(ကွယ်...)လှဂုဏ်နဲ့ဝင့်။ ။

(အမျိုးသားညီလာခံကို ကြိုဆိုလျက်)

ကို(တက္ကသိုလ်)

မြန်မာ့ရုပ်မြင်သံကြား

၂၅-၅-၂၀၀၄
(အင်္ဂါနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
၈:၁၀ ၆။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၇။ နတ်သားတောရေလှောင်တမံ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammar made Easy

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၁၇:၁၅ ၆။ ပြည်ထောင်တိုင်းရင်းသား ရိုးရာအက
၁၇:၃၀ ၇။ မန်းချောင်းတံတား
၁၇:၃၅ ၈။ ခံစားနားဆင်တေးဓာတ်ဝင်
၁၇:၄၅ ၉။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
၁၇:၅၅ ၁၀။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၈:၃၀ ၁၁။ ညနေခင်းသတင်း
၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၃။ ကြေးမုံရိပ်သွင်တေးနှယဉ်
၁၉:၂၀ ၁၄။ ရခိုင်တို့နေထိုင်ရာ တိုင်းရင်းသားကျေးရွာ
၁၉:၃၀ ၁၅။ မွန်ပြည်နယ်(အပိုင်း-၁)
၁၉:၄၀ ၁၆။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဓာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"**(အပိုင်း-၃၉)
၂၁။ Calcio Serie A Highlight

နိုင်ငံတကာသတင်းများ

ကန်နှင့်အပေါင်းပါတပ်များအီရတ်မှအမြန်ထွက်သွားရန် အီရန်ပြောကြား
အီရတ်၌ကျင့်သုံးသည့် အမေရိကန်၏မူဝါဒ အီရန်ပြစ်တင်ရှုတ်ချ

တီဟီရန် မေ ၂၃

အီရတ်နိုင်ငံမှနေ၍ အပေါင်းပါတပ်ဖွဲ့ဝင်များ အမြန်ဆုံးထွက်သွားစေလိုကြောင်း အီရန်အစိုးရက ပြောကြားလိုက်ပြီး အီရတ်၌ ကျင့်သုံးသည့် အမေရိကန်မူဝါဒများကို ပြစ်တင်ရှုတ်ချလိုက်သည်။

အီရန်နိုင်ငံသည် အီရတ်ကိုသိမ်းပိုက်ထားသောတပ်များ အီရတ်နိုင်ငံမှ အမြန်ထွက်စေလိုကြောင်းနှင့်အီရတ်ပြည်သူများကိုအုပ်ချုပ်ရေး ပြန်အပ်စေလိုကြောင်းကို ဘီဘီစီက တနင်္ဂနွေနေ့၌ သတင်းထုတ်လွှင့်ခဲ့သည်။

ထုတ်ပြန်

အမေရိကန်နှင့်အီရန်နိုင်ငံတို့သည် သံတမန်စတင်ထူထောင်ခဲ့ချိန်မှစပြီး တစ်ခါတစ်ရံ ဆက်ဆံရေးအခြေအနေဆိုးရွားခဲ့ရာတွင် အီရန်နိုင်ငံသည် ဆွစ်သံရုံးမှတစ်ဆင့် ယင်း၏သတင်းများကို ထုတ်ပြန်ခဲ့သည်။

အီရန်နိုင်ငံသည် အဆင့်မြင့်အီရတ်အုပ်ချုပ်မှုကောင်စီဝင်အာမက်ချာလာဘီထံမှ လျှို့ဝှက်သတင်းရရှိသည်ဆိုခြင်းမှာ မဟုတ်ကြောင်း ပြောသော်လည်း ချာလာဘီနှင့် အစဉ်တစိုက် ဆွေးနွေးတိုင်ပင်မှုရှိခဲ့ကြောင်း ဝန်ခံခဲ့သည်။ ချာလာဘီသည် အမေရိကန်ပြည်ထောင်စု၏ လျှို့ဝှက်သတင်းများကို အီရန်သို့ ပေါက်ကြားခဲ့ကြောင်း စွပ်စွဲခံထားရသည်။

အခွင့်အရေးမပေး

အီရတ်၏ အဖျက်စွမ်းအားကြီးမားသော လက်နက်များနှင့်ဆိုင်သည့် ချာလာဘီ၏ သတင်းပေးများပေးသော သတင်းများမှားကြောင်း အထောက်အထားရှိခဲ့ချိန်မှစပြီး ချာလာဘီအပေါ် အမေရိကန်ပြည်ထောင်စုသည်အခွင့်အရေး မပေးဘဲ ဖြတ်တောက်ခဲ့သည်။

(အင်တာနက်)

စစ်ရာဇဝတ်မှုများ ရုံးတင်စစ်ဆေးရန် ဘုရှ်ကို လန်ဒန်မြို့တော်ဝန် တိုက်တွန်း

လန်ဒန် မေ ၂၃

အီရတ်အကျဉ်းသားများကို မတရားနှိပ်စက်မှုများစစ်ဆန့်ကျင်ရေးဆန္ဒပြသမား ၁၀၀၀ကျော်က ပြစ်တင်ရှုတ်ချနေချိန်တွင် အီရတ်၌ ဖြစ်ပွားသော စစ်ရာဇဝတ်မှုများကို ရုံးတင်စစ်ဆေးရန် လန်ဒန်မြို့တော်ဝန် ကင်းလီဗင်စတုန်းက အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်အား တိုက်တွန်းလိုက်သည်။

ပြောစရာမရှိ

အီရတ်၌ရှိသော မိမိတို့၏တပ်ဖွဲ့ဝင်များကို အီရတ်နိုင်ငံထဲမှ ချက်ချင်းထွက်ပေးခြင်းသည် ယင်းကြောက်စရာအဖြစ်အပျက်များကို အဆုံးသတ်သွားစေမည်ဆိုသည်ကို နောက်ထပ်ပြောစရာမရှိကြောင်း မြို့တော်ဝန်က ပြောကြားသည်။

အကယ်၍ ဘုရှ်သည် နိုဝင်ဘာလ၌ ကျင်းပမည့်သမ္မတရွေးပွဲ၌ အရေးနိမ့်လျှင် ၎င်းသည်တရားစွဲဆိုခြင်းခံရမည့် ကိစ္စမှ ကင်းလွတ်တော့မည်မဟုတ်ရာ ၎င်းကျူးလွန်ခဲ့သော စစ်ရာဇဝတ်များအတွက် တရားစွဲဆိုခံရမည်ဖြစ်ကြောင်း မြို့တော်ဝန်ကပြောကြားသည်။

စနေနေ့တွင် လန်ဒန်မြို့၌ လူ ၁၀၀၀မှ ၁၂၀၀အထိသည် ဗစ်တိုးရီးယားဆည်မှနေ၍ ထရာဖာလ်ဂါယင်ပြင်ထိ ချီတက်ဆန္ဒပြခဲ့ကြသည်ဟု ရဲအဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

ကာဘာလာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ တိုက်ခိုက်မှုဖြစ်ပွားစဉ် ပျက်စီးသွားသော အိမ်ကို မေ၂၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နိုင်ငံက ဖမ်းဆီးထားသူများကိစ္စ နိုင်ငံတကာဆိုင်ရာ ကြက်ခြေနီကော်မတီက စိုးရိမ်ကြောင်းပြောကြား

ဂျီနီဗာ မေ ၂၂

အကြမ်းဖက်မှုကို အမေရိကန်ပြည်ထောင်စုက တစ်ကမ္ဘာလုံးနှင့်ဆိုင်သော စစ်ပွဲဆင်နွှဲခဲ့ရာတွင် အရေအတွက်မသိရသည့် ဖမ်းဆီးခံထားရသူများနှင့် နိုင်ငံအမျိုးမျိုး၌ လျှို့ဝှက်ဖမ်းဆီးထားခြင်းခံနေရသူများနှင့် ပတ်သက်၍ နိုင်ငံတကာဆိုင်ရာ ကြက်ခြေနီကော်မတီ (အိုင်စီအာစီ)က စိုးရိမ်ကြောင်း သောကြာနေ့တွင် အသစ်တစ်ဖန် ပြောကြားလိုက်သည်။

ထိုဖမ်းဆီးထားသူများနှင့် ပတ်သက်သည့် သတင်းကို အမေရိကန်အာဏာပိုင်များအား အိုင်စီအာစီက ထပ်ကာတလဲ တောင်းဆိုခဲ့ကြောင်း၊ ထို့ပြင် လွန်ခဲ့သည့် နှစ်နှစ်တွင် နိုင်ငံအမျိုးမျိုး၌ ဖမ်းဆီးထားသူများထံ သွားခွင့်ရရန်လည်း ထပ်ကာတလဲတောင်းဆိုထားခဲ့ကြောင်းပြောခွင့်ရှိသူ အာရို့စ် ဘိုစီစီယိုက ပြောကြားသည်။

မရသေး

ထိုသို့တောင်းဆိုထားသော်လည်း ယခုထိ ခွင့်ပြုချက်မရသေးကြောင်း၊ မိမိတို့အဖို့ ထိုဖမ်းဆီးခံထားရသူများထံ သွားရောက်ရေးသည် အရေးကြီးသော ဦးစားပေး လုပ်ငန်းဖြစ်ကြောင်း ဘိုစီစီယိုက ပြောကြားသည်။

ရောက်ခဲ့

လွန်ခဲ့သည့် နှစ်နှစ်တွင် အိုင်စီအာစီအရာရှိများသည်လူ၃၀၀ခန့်ကို ဖမ်းဆီးချုပ်နှောင်ထားသော အာဖဂန်နစ္စတန်ရှိ ဘာဂရမ် အမေရိကန်လေတပ်အခြေစိုက်စခန်းသို့ ပုံမှန်ရောက်ခဲ့ကြသည်။ သို့ရာတွင် အခြားနေရာများ၌လည်း ဖမ်းဆီးချုပ်နှောင်ထားခြင်းခံနေရသူများ ရှိနေမည်ဟု စိုးရိမ်ခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ။**

ကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် မေ ၂၃

လုံခြုံရေးနှင့်တည်ငြိမ်ရေး စစ်ဆင်မှုလုပ်ဆောင်စဉ် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရာ တိုက်ပွဲကြောင့် သေဆုံးခြင်းမဟုတ်ကြောင်း စနေနေ့ကထုတ်ပြန်သော အမေရိကန်စစ်ဘက်ကြေညာချက်၌ ဖော်ပြထားသည်။

ဖော်ပြ

အဆိုပါ အမှတ်(၁) မရိန်းတပ်ဖွဲ့ဝင်သည် ဘဂ္ဂဒက်အနောက်ဘက် ကင့်မ်ဖော်လူဂျာအနီး၌ သောကြာနေ့က သေဆုံးခဲ့ကြောင်း၊ တိုက်ပွဲကြောင့် မဟုတ်ကြောင်း ကြေညာချက်၌ဖော်ပြသည်။

သေဆုံးမှု ဖြစ်ရသည့်အကြောင်းကိုစုံစမ်းနေပြီး အမည်ကို မထုတ်ပြန်သေးဘဲ ဆိုင်းငံ့ထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်ဆိုင်ရာ အမေရိကန်နည်းဗျူဟာနှင့် အကျဉ်းသားများအားနှိပ်စက်မှု ဗြိတိန်နိုင်ငံခြားရေးဌာနက ဝေဖန် ပြစ်တင်သည့်မှတ်တမ်း ဆန်းဒေးတိုင်းမ်၌ ဖော်ပြ

လန်ဒန် မေ ၂၃

အီရတ်တွင် အမေရိကန်စစ်ဘက်က ကိုင်တွယ်ခဲ့သော စစ်ရေးစစ်ရာ နည်းဗျူဟာများနှင့် အကျဉ်းသားများကို တပ်ဖွဲ့ဝင်များက မတရားနှိပ်စက်ခဲ့မှုများအား ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီးဌာနက ဝေဖန်ပြစ်တင်ထားသည့် မှတ်တမ်းတစ်ခုကို ဆန်းဒေးတိုင်းမ်က ဖော်ပြလိုက်သည်။

ဗြိတိန်သည် စစ်ပွဲကာလတစ်လျှောက်လုံးတွင် အမေရိကန်ပြည်ထောင်စု၏ အမာခံမဟာမိတ်နိုင်ငံ ဖြစ်ခဲ့သော်လည်း ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုကြားတွင် မဟာဗျူဟာနှင့်စပ်လျဉ်း၍ ကွဲပြားချက်များမရှိကြောင်း ဝန်ကြီးချုပ်တိုနီဘလဲက ဇွတ်တရွတ်ပြောဆိုနေခဲ့သည်ကို ယင်းမှတ်တမ်းက ထိုးနှက်ခဲ့ကြောင်း သတင်းစာက ရေးသားသည်။

ထောက်ခံမှု

အဆိုပါမှတ်တမ်းကိုပြဿနာများဟူ၍ ခေါင်းစဉ်ပေးထားပြီး ဖော်လူဂျာနှင့် နာဂျက်ဖ်၌ အမေရိကန်ပြည်ထောင်စုက ကျင့်သုံးသည့် စစ်ရေးနည်းစနစ်များသည် အပေါင်းပါတပ်ဖွဲ့ဝင်များကို အီရတ်တို့၏ ဆန့်ကျင်မှုများကို တိုးပွားလာစေပြီး အီရတ်နိုင်ငံ၌ မိမိတို့အပေါ် လူထု၏ထောက်ခံမှု အကြီးအကျယ်ဆုံးရှုံးစေသည်ဟု ဖော်ပြထားသည်။

ဖော်ပြထား

ထို့ပြင် ယင်းမှတ်တမ်း၌ အဘူဂါရိပ်အကျဉ်းထောင်၌ အကျဉ်းသားများကို ပြုမူဆက်ဆံမှုသည့် အရုပ်တော်ပုံသည် အီရတ်နိုင်ငံတွင်းနှင့် နိုင်ငံတကာတွင် အပေါင်းပါအဖွဲ့၏အကျင့်သိက္ခာပိုင်းဆိုင်ရာဩဇာအာဏာကို ချည့်နဲ့စေသည်ဟုလည်း ဆက်လက် ဖော်ပြထားသည်။

ပြောဆို

ဗြိတိန်နှင့် အမေရိကန်တို့ အီရတ်မူဝါဒနှင့်စပ်လျဉ်း၍ သဘောကွဲသည်ဆိုခြင်းကို ဗြိတိန်အစိုးရက ထပ်ကာတလဲငြင်းခဲ့သော်လည်း ဘလဲ၏ အဓိကနိုင်ငံရေးအတိုက်အခံက ဝန်ကြီးချုပ်သည် စိတ်မသက်မသာဖြစ်ကြောင်း မကြာခဏပြောဆိုခဲ့ပြီး အချေအတင်ဆွေးနွေးပွဲလုပ်ရန် မိမိအား တိုက်တွန်းခဲ့ကြောင်း ပြောဆိုသည်။

ထိုသို့ဆိုသော်လည်း နောက်ပိုင်းတွင် ဘလဲသည်သူ၏ ဝန်ကြီးများအား အီရတ်မူဝါဒနှင့်ပတ်သက်၍ မိမိအနေဖြင့် အမေရိကန်နှင့် သဘောကွဲမှုသည် မည်သည့်အခါမျှရှိမည်မဟုတ်ကြောင်း ပြောဆိုခဲ့သည်။ **အမ်အင်အေ၊ ရိုက်တာ**

အီရန်နိုင်ငံ တီဟီရန်မြို့ရှိ ဗြိတိသျှသံရုံးအပြင်ဘက်တွင် အမေရိကန်နှင့် ဗြိတိန်တို့အား ဆန့်ကျင်ဆန္ဒပြနေသူများကို မေ ၂၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်အကျဉ်းသားများအား နှိပ်စက်ခဲ့မှု ကန်တပ်ဖွဲ့ဝင်တစ်ဦး အပြစ်ရှိကြောင်းဝန်ခံပြောကြား

ဘဂ္ဂဒက် မေ ၂၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ပြင်ရှိ အဘူဂါရိပ်အကျဉ်းထောင်ရှိ အီရတ်အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်ခဲ့သည့်ကိစ္စနှင့် ပတ်သက်ပြီး အစစ်ဆေးခံရသော အမေရိကန်တပ်ဖွဲ့ဝင်ဂျယ်ရီမီဆီဗစ်သည် အပြစ်ရှိကြောင်းဝန်ခံလိုက်ပြီဖြစ်သည်။ ဘဂ္ဂဒက်မြို့၌ ပြုလုပ်သော အထူးစစ်ခုံရုံးတွင် ယမန်နေ့က စစ်ဆေးကြားနာမှုများ ပြုလုပ်ခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် ဂျယ်ရီမီဆီဗစ်က တောင်းပန်စကား ပြောကြားခဲ့သည်။

ရုံးတင်စစ်ဆေးမှုနှင့်ပတ်သက်ပြီး စာနယ်ဇင်းများကို လွတ်လပ်စွာ သတင်းယူခွင့်ပြုထားသည်ဆိုသော်လည်း အမေရိကန်စစ်ရဟတ်ယာဉ်များသည် ရုံးတင်စစ်ဆေးရာအဆောက်အအုံအပေါ်၌ ရှိခဲ့သည်။ စစ်ခုံရုံးတွင် အစစ်ဆေးခံရသော အမေရိကန်တပ်ဖွဲ့ဝင် ဂျယ်ရီမီဆီဗစ်သည်နှစ်ကြိမ်တိုင်တိုင် မှုးလဲကျခဲ့သည်။ ၎င်းက အီရတ်အကျဉ်းသားအချို့ကို ရက်ရက်စက်စက် ရိုက်နှက်ခဲ့ကြောင်း ၎င်း၏အပြစ်ကို ဝန်ခံခဲ့သည်။

အစစ်ဆေးခံရသော ဂျယ်ရီမီဆီဗစ်ကို ထောင်တစ်နှစ်ကျခံစေမည်ဖြစ်ပြီး ရာထူးချကာစစ်ဘက်မှ ထုတ်ပစ်ရန် တရားရုံးက သဘောတူညီခဲ့ကြောင်းနှင့် အခြားအမေရိကန်တပ်ဖွဲ့ဝင်သုံးဦးကိုလည်း စစ်ခုံရုံးတင်စစ်ဆေးသွားမည် ဖြစ်သည်။ **(စီအင်န်အင်န်)**

ပျက်စီး

ဘာဆာရာမြို့တွင် စိန်ပြောင်းကျည်ထိမှန်မှုကြောင့် ပျက်စီးသွားသော အိမ်တစ်အိမ်ကို မေ ၂၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နာဂျက်ဖ်မြို့တွင် အီရတ်ခေါင်းဆောင်အယ်ဆာဒါ၏ တပ်ဖွဲ့မှ အီရတ်ပြောက်ကျားတစ်ဦး လုံခြုံရေးစောင့်ကြပ်နေသည်ကို မေ ၂၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ပြည်ထဲရေးဝန်ကြီးဌာနအဆင့်မြင့်အရာရှိအိမ် ကားဗုံးခွဲတိုက်ခိုက်ခံရ

ဘဂ္ဂဒက် မေ ၂၂

အီရတ်ပြည်ထဲရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်တစ်ဦး၏အိမ်ကို ပစ်မှတ်ထားပြီး စနေနေ့က ကားဗုံးခွဲတိုက်ခိုက်ခဲ့ရာတွင် အမျိုးသမီးတစ်ဦးအပါအဝင် လူငါးဦးထက်မနည်း သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာနှင့် ဝန်ကြီးဌာနသတင်းရပ်ကွက်များက ပြောကြားသည်။

ဘဂ္ဂဒက်ရှိ မိမိ၏ဒုတိယပြည်ထဲရေးဝန်ကြီး တစ်ဦး၏ အိမ်အပြင်ဘက်၌ အသေခံတိုက်ခိုက်မှု ဖြစ်ပွားခဲ့ကြောင်း၊ မိမိ၏ဒုတိယဝန်ကြီးနှင့် သူ၏မိသားစုမှာ ဆေးရုံ၌ ဆေးကုသမှုခံနေကြောင်း ပြည်ထဲရေးဝန်ကြီး ဆာမီယာအယ်လ်ဆူမေဒေးကပြောကြားသည်။

ဖောက်ခွဲ

ယင်းပေါက်ကွဲမှုတွင် လုံခြုံရေးအစောင့်လေးဦးအပြင် အမျိုးသမီးတစ်ဦးလည်း သေဆုံးခဲ့ကြောင်း၊ အမေရိကန်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ကြီးဘရိုင်ယန်အိုမော်လေးက ပြောကြားသည်။ သို့ရာတွင် ယင်းပေါက်ကွဲမှုမှာ အသေခံဗုံးခွဲသူတစ်ဦးက ဖောက်ခွဲခြင်း ဟုတ်မဟုတ် အတိအကျမပြောနိုင်ဟု ဆိုသည်။

ယင်းပေါက်ကွဲမှု၌ ဒဏ်ရာရခဲ့သောပြည်ထဲရေးဝန်ကြီးဌာန နည်းပညာအကြံပေးဗိုလ်ချုပ်ကြီး အဗ္ဗဒယ်ဂျက်ဘာရီယူဆက်ဖ်အယ်လ်ရှိပ်စီလီသည် ဆေးရုံ၌ ကုသမှုခံယူနေရသော်လည်း အခြေအနေကောင်းကြောင်း အိုမော်လေးက ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အာဖဂန်နစ္စတန်နိုင်ငံခို့စ်ပြည်နယ်၌ ခုခံတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွား ကန်အခြေစိုက်စခန်းကို ဒုံးကျည်ဖြင့်ပစ်ခတ်ရာ တပ်ဖွဲ့ဝင်လေးဦးဒဏ်ရာရ

ကဘူးလ် မေ ၂၃

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့တောင်ဘက်ခို့စ်ပြည်နယ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များကို ခုခံတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိရာ သောကြာနေ့က ဆာလာနိုရှိ အခြေစိုက်စခန်းကို ဒုံးကျည်တစ်စင်းဖြင့် တိုက်ခိုက်ခဲ့သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိခဲ့သည်ဟု အမေရိကန်စစ်ဘက်ပြောခွင့်ရှိသူက စနေနေ့တွင် ပြောကြားသည်။

တိုက်ခိုက်မှုသည် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်၌ ဖြစ်ပွားခြင်းဖြစ်ပြီး အမေရိကန်အခြေစိုက်စခန်းကို တိုက်ခိုက်ရေးသမားများက ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ဒဏ်ရာရ

ပထမဒုံးကျည်သည် အမေရိကန် တပ်ဖွဲ့ဝင်အုပ်စုတစ်ခုအနီး၌ ကျရောက်ခဲ့သဖြင့် တပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရခဲ့ခြင်းဖြစ်ကာ ဒုတိယဒုံးကျည်မှာ ထိခိုက်ပျက်စီးမှုမရှိဟု ဆိုသည်။

တိုက်ခိုက်

အပေါင်းပါတပ်ဖွဲ့ဝင်များက ယခုတိုက်ခိုက်မှုမဖြစ်မီတစ်ရက်၌ ဒေသအတွင်း စီးနင်းတိုက်ခိုက်မှုလုပ်ခဲ့ပြီးနောက် ယခုကဲ့သို့ ဒုံးကျည်ဖြင့် တိုက်ခိုက်ခံရခြင်းဖြစ်သည်။ ယင်းသို့ အမေရိကန်တပ်ဖွဲ့ဝင်များ ဝင်ရောက်စီနင်းမှုကြောင့် အမျိုးသမီးတစ်ဦးအပါအဝင် မသင်္ကာသူလေးဦး သေဆုံးခဲ့သည်။ အခြား ၂၃ ဦးကို အပေါင်းပါတပ်များက ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

ပစ်ခတ်

ကြာသပတေးနေ့၌ အဆောက်အအုံတစ်ခုပေါ်မှနေ၍ ပစ်ခတ်မှုကြောင့်အမေရိကန်တပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရခဲ့သည်ဟု ဒေသသတင်းများအရ သိရသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

အီရတ်မှ ဟွန်ဒူးရပ်စ်တပ်ဖွဲ့ဝင်များ မိခင်နိုင်ငံသို့ ပြန်ရောက်လာ

ဟွန်ဒူးရပ်စ် မေ ၂၃

ဟွန်ဒူးရပ်စ်တပ်ဖွဲ့ဝင် ရာပေါင်းများစွာသည် အီရတ်နိုင်ငံမှနေ၍ မိခင် ဟွန်ဒူးရပ်စ်နိုင်ငံသို့ သောကြာနေ့က ပြန်ရောက်လာခဲ့ကြသည်ဟု ဟွန်ဒူးရပ်စ် ကာကွယ်ရေးဝန်ကြီး ဖီဒီရီကိုဘရိပ်က ရိုက်တာသို့ ပြောကြားသည်။

အီရတ်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုများ အရှိန်မြင့်တက်လာနေရာ ဟွန်ဒူးရပ်စ်တပ်များသည် ၎င်းတို့၏ ခရီးကိုတစ်လကျော်ချုံ့ပြီးပြန်ခဲ့ကြခြင်းဖြစ်သည်။

ဆုံးဖြတ်

ဟွန်ဒူးရပ်စ်တပ်ဖွဲ့ဝင် ၃၇၀သည် ဇူလိုင်လအထိ အီရတ်၌နေရန် ရည်ရွယ်ခဲ့သော်လည်း စပိန်နိုင်ငံက ၎င်း၏တပ်ဖွဲ့ဝင် ၁၄၀၀ကိုရုပ်သိမ်းမည်ဖြစ်ကြောင်း လွန်ခဲ့သည့်လ၌ ကြေညာခဲ့ပြီးနောက် ဟွန်ဒူးရပ်စ်နိုင်ငံကလည်း တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန် ဆုံးဖြတ်ခဲ့သည်။

ပါဝင်

ဟွန်ဒူးရပ်စ်တပ်များသည် အီရတ် အလယ်ပိုင်း၌ အဓိကအားဖြင့် မိုင်းရှင်းလုပ်ငန်းနှင့် ဆေးဝါးကုသမှုကို လုပ်ဆောင်ပေးခဲ့ရသည်။ စပိန်စကားပြော နိုင်ငံများကို စပိန်နိုင်ငံက ကြီးကြပ်ပေးရပြီး ထိုနိုင်ငံများတွင် အယ်လ်ဆာဗေဒို၊ ဟွန်ဒူးရပ်စ်၊ နီကာရာဂွာနှင့် ဒိုမီနီကန်သမ္မတနိုင်ငံတို့ ပါဝင်ခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

တရုတ်မြောက်ပိုင်းဒေသအချို့တွင် သဲမုန်တိုင်းများတိုက်ခတ်ခဲ့

ပေကျင်း မေ ၂၁

တရုတ်ပြည်မြောက်ပိုင်း ဒေသအချို့တွင် ယခုနှစ်၌ (၁၆)ကြိမ်မြောက် သဲမုန်တိုင်း တနင်္လာနေ့မှ အင်္ဂါနေ့အထိ တိုက်ခိုက်ခဲ့ကြောင်း မိုးလေဝသ စောင့်ကြပ်ရေးစခန်းက ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်ကြေညာသည်။

တိုက်ခတ်

အဆိုပါ သဲမုန်တိုင်းသည် တရုတ်ပြည်မြောက်ပိုင်းအတွင်း မွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအယ်လ်ဆာလိဂ်ဒေသများ၌ တနင်္လာနေ့က စတင်တိုက်ခတ်ခဲ့ပြီး လေးနာရီခန့် ကြာမြင့်ခဲ့သည်။

ထိုစဉ်အတွင်း တရုတ်ပြည် အနောက်မြောက်ဘက်နှင့် အလယ်ဗဟိုရှိ နင်စီယာဟွီကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင်းလည်း ဖုန်ထူထပ်နေပြီး သဲမုန်တိုင်းငယ်များ တိုက်ခတ်ခဲ့ရာ တစ်နာရီမှနှစ်နာရီအထိ ကြာမြင့်ခဲ့သည်။ **အမ်အင်အေ၊ ဆင်ဟွာ**

ကန်စစ်ယာဉ်တန်းအနီးကားဗုံးပေါက်ကွဲ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီးသုံးဦးဒဏ်ရာရ

ဘဂ္ဂဒက် မေ ၂၃

ဘဂ္ဂဒက်တောင်ဘက်၌ အမေရိကန်စစ်ယာဉ်တန်းအနီး ကားဗုံးတစ်လုံးပေါက်ကွဲသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားသုံးဦး ဒဏ်ရာရသွားကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက စနေနေ့၌ ပြောကြားသည်။

ဖောက်ခွဲတိုက်ခိုက်

တပ်ဖွဲ့ဝင်များအားလုံးမှာ အမှတ်(၁) သံချပ်ကာတပ်မှ ဖြစ်ကြပြီး လက်လုပ်ဗုံးဖြင့် အယ်လ်မာမူဒီယာမြို့ အပြင်ဘက်၌ ဖောက်ခွဲတိုက်ခိုက်ခံရခြင်းဖြစ်သည်ဟု စစ်ဘက်ဆိုင်ရာက ထုတ်ပြန်သော ကြေညာချက်၌ ဖော်ပြထားသည်။ မည်သည့်အချိန်၌ ပေါက်ကွဲမှုဖြစ်သည်ကို ကြေညာချက်၌ ဖော်ပြထားခြင်း မရှိပေ။

အမ်အင်အေ၊ဆင်ဟွာ



ဒဏ်ရာ ရရှိ

မေ ၂၂ ရက် က ဘဂ္ဂဒက် မြို့တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသည့် အီရတ်တစ်ဦး အားသယ်ဆောင်လာသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ- အင်တာနက်)

စိန်ပြောင်းကျည် နေအိမ်ပေါ်သို့ ကျရောက် ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသော အီရတ်မိသားစုကို မေ ၂၃ ရက်က ဘာဆာရာမြို့ ဆေးရုံ၌ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကူဖာမြို့ကို အမေရိကန်တပ်ဖွဲ့ဝင်များက လေကြောင်းမှ တိုက်ခိုက်ခဲ့သဖြင့် ပျက်စီး သွားသော နေအိမ်ကို မေ၂၃ရက်က အီရတ်မိသားစုများက ရှင်းလင်းနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံကို အမေရိကန်နှင့်အပေါင်းပါတို့က ကျူးကျော်တိုက်ခိုက်ပြီးနောက် အချုပ်အခြာအာဏာ ကင်းမဲ့နေမှုကြောင့် လုံခြုံရေးအခြေအနေမှာ တစ်နေ့တစ်ခြားဆိုးရွားလျက်ရှိသည်။ (အပေါ်ပုံမှာ အီရတ်လက်နက်ကိုင်များက အဆောက်အအုံတစ်ခုရှေ့၌ ကိုယ့်အားကိုယ်ကိုး လုံခြုံရေးစောင့်ကြပ်နေရသည်ကို တွေ့ရစဉ်။) (ဓာတ်ပုံ-အင်တာနက်)

စိန်ပြောင်းကျည်ကြောင့်ပျက်စီး

မေ ၂၃ ရက်က ဘဂ္ဂဒက်မြို့ရှိ နေအိမ်တစ်အိမ်ပေါ်သို့ ကန်တပ်ဖွဲ့၏ စိန်ပြောင်းကျည်တစ်လုံးကျရောက်ပေါက်ကွဲမှုကြောင့် ပျက်စီးနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပျက်စီး

နာဂျက်ဖ်မြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့်ပြောက်ကျားတို့တိုက်ပွဲဖြစ်ပွားပြီး ပျက်စီးနေသောဈေးဆိုင်တစ်ဆိုင်ကို မေ ၁၅ရက်ကအီရတ်ပြည်သူများ ကြည့်ရှုနေကြသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ- အင်တာနက်)



တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

ရုပ်မြင်သံကြားအစီအစဉ်များ ထုတ်လွှင့်ပေးလျက်ရှိသော ချင်းပြည်နယ် ဟားခါးမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို တွေ့ရစဉ်။

ကချင်ပြည်နယ်မြစ်ကြီးနားမြို့နယ်ရှိ ကျိန်ခ ရမ်ခ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ၂၅ ကီလိုဝပ် လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပြီး မြို့နယ်အတွင်းရှိ ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား ပို့လွှတ်ပေးလျက်ရှိသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အရ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် ရွာတော် စံပြကျေးရွာ စာကြည့်တိုက်ကို ဖွင့်လှစ်ခဲ့စဉ်။

ကျေးလက်ဒေသဖွံ့ဖြိုးရေး

အကြောင်းအရာ	၁၉၈၈	၂၀၀၆
အခြေခံပညာကျောင်း	–	ကျေးရွာငါးရွာတွင် အနည်းဆုံး ကျောင်း၃ကျောင်း
ကျေးလက်ကျန်းမာရေးဌာန	၁၃၃၇	၁၄၀၄
ကျေးလက်အိမ်ရာ	–	၃၇၆
ကျေးလက်ရေရရှိရေး(ရွာ)	–	၅၀၂၄
ကျေးလက်လမ်းမိုင်	–	၃၅၂၉
စိုက်ပျိုးမွေးမြူရေး (ကြက်၊ ဝက်)	–	ပြည်နယ်တိုင်းတစ်ခုစီတွင် မြို့နယ်နှစ်ခုမှ လေးခုထိ သတ်မှတ်၍ စခန်း ၃၄ခု

နိုင်ငံတစ်ဝန်း မြို့ပြနှင့် ကျေးလက်လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့အဝင် ပြည်ထောင်စုလမ်းမကြီးကို ဤသို့ တွေ့ရသည်။

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

❐ **ရှေ့ဖုံးမှ**

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ဆွေးနွေးမှာကြား

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမျိုးသားညီလာခံ၌ လုပ်ငန်းကော်မတီက ရှင်းလင်းတင်ပြသည့် စာတမ်းများကို ညီလာခံကိုယ်စားလှယ်များအတွက် ရိုက်နှိပ်ဖြန့်ဝေရေးကိစ္စ၊ ညီလာခံကိုယ်စားလှယ်မှတ်တမ်းပြုစုရေးကိစ္စ၊ ညီလာခံကိုယ်စားလှယ်များနေထိုင်စားသောက်မှုအတွက် လိုလေသေးမရှိ အဆင်ပြေအောင် စီစဉ် ဆောင်ရွက်ရေးကိစ္စစသည်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ညီလာခံကိုယ်စားလှယ်များ မလွှဲမရှောင်သာသည့်ကိစ္စများဖြင့် ခွင့်ပန်ကြားသည့်ကိစ္စနှင့် ညီလာခံကိုယ်စားလှယ်များ၏ အုပ်ချုပ်မှုကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ညီလာခံကိုယ်စားလှယ်များ၏အစုအဖွဲ့အလိုက်ဆွေးနွေးမည့် စာတမ်းများပြုစုရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ညီလာခံကိုယ်စားလှယ်များ နေထိုင်စားသောက်ရေးကိစ္စ၊ ဝန်ထမ်းများ ကျွေးမွေးရေးကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အကြံပြုဆွေးနွေးတင်ပြကြသည်။

ဖြည့်ဆည်းစီမံဆောင်ရွက်

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အကြံပြုဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် အာဂျင်တီးနားနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မေ ၂၅

၂၀၀၄ ခုနှစ် မေ ၂၅ ရက်တွင် ကျရောက်သော အာဂျင်တီးနားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ အာဂျင်တီးနားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာရာဖေလ်ဘီရယ်လ်ဆာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ စာတမ်းပြုစုရေးအကြိုညှိနှိုင်းအစည်းအဝေးကို နံနက် ၈ နာရီ ၄၅ မိနစ်တွင် ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ရန်ကုန်တိုင်းမှ ဒေါက်တာ မျိုးသန့်တင်၊ သဘာပတိအဖွဲ့ဝင်များဖြစ်ကြ

သည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဦးဘိုသိန်း၊ ပဲခူးတိုင်း (အနောက်)မှ ဦးကျော်မျိုးဝင်း၊ စစ်ကိုင်းတိုင်းမှ ဦးခင်မောင်အေး၊ မန္တလေးတိုင်းမှ ဦးကျော်ဝင်းထွန်းနှင့် အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်ရာနှုန်းပြည့်တက်ရောက်ကြသည်။

ရှေးဦးစွာ အလှည့်ကျသဘာပတိ ဒေါက်တာမျိုးသန့်တင်က အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ စာတမ်းပြုစုရေးနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသော အလုပ်သမားကိုယ်စားလှယ်များက အကြံပြုဆွေးနွေး တင်ပြကြသည်။

ဆက်လက်၍ စာတမ်းပြုစုရေးအတွက် စာတမ်းပြုစုရေးအဖွဲ့ငယ်ငါးဖွဲ့ကိုဖွဲ့စည်းရာ အဖွဲ့ငယ်(၁)သည် ကာကွယ်ရေးနှင့်လုံခြုံရေး၊နိုင်ငံခြားရေးကဏ္ဍကိုလည်းကောင်း၊ အဖွဲ့ငယ်(၂)သည်ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍကိုလည်းကောင်း၊ အဖွဲ့ငယ်(၃)သည် စီးပွားရေး၊စိုက်ပျိုးရေးနှင့် ပို့ဆောင်ရေးကဏ္ဍကို လည်းကောင်း၊ အဖွဲ့ငယ်(၄)သည် စွမ်းအင်၊လျှပ်စစ်၊သတ္တုနှင့် စက်မှုလက်မှုကဏ္ဍကိုလည်းကောင်း၊ အဖွဲ့ငယ် (၅)သည် လူမှုရေး၊စီမံခန့်ခွဲရေးနှင့်တရားစီရင်ရေးကဏ္ဍကိုလည်းကောင်း အသီးသီး တာဝန်ယူစာတမ်းများ ပြုစုကြရန် သတ်မှတ်ကြသည်။

အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏စာတမ်းပြုစုရေးကို မေ ၂၅ ရက်မှစတင်၍ နေ့စဉ် နံနက် ၉ နာရီမှ နံနက်၁၁ နာရီတစ်ကြိမ်၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီတစ်ကြိမ် စာတမ်းများပြုစုရေးသားသွားကြမည်ဖြစ်သည်။

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့

အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးကို နံနက် ၈ နာရီ မိနစ် ၅၀ တွင် ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပရာ သဘာပတိအဖြစ် ညီလာခံ ကိုယ်စားလှယ် မြန်မာ့သမိုင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်းကဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ညီလာခံကိုယ်စားလှယ်များ ဖြစ်ကြသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)မှ ဦးပေါ်လိုက်ခမ်းနှင့် မြန်မာ့သမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်ချိန်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၁၀)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ်လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့အစည်းအဝေးသို့ ကိုယ်စားလှယ်ပေါင်း ၁၀၅ ဦးရှိသည့်အနက် ကိုယ်စားလှယ် ၁၀၄ ဦး တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၀၄ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရအစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ရှင်းလင်းပြောကြား

ထို့နောက် သဘာပတိ ညီလာခံကိုယ်စားလှယ် မြန်မာ့သမိုင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်နှင့် ပတ်သက်ပြီး မိမိတို့ အစုအဖွဲ့က စာတမ်းပြုစုရေးနှင့်ဖတ်ကြားတင်သွင်းရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားညီလာခံကိုယ်စားလှယ်များဖြစ်ကြသော ဦးစောလှထွန်း၊ ဘုရားကုန်းအထူးဒေသ အဖွဲ့မှ ဖဒိုအောင်ဆန်း၊ကချင်ပြည်နယ်အထူးဒေသ(၂)မှ ဒေါက်တာမနန်တူးဂျာ၊ ကချင် ပြည်နယ် အထူးဒေသ(၁)မှ ဦးချန်လန်း၊မွန်ပြည်သစ်ပါတီမှ နိုင်အောင်နိုင်၊ ကယားပြည်နယ် အထူးဒေသ(၃)မှ ဦးစိန်းကောဒီယို၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ခွဲထွက်(ဟိုယာ)မှ ဦးလွီးဇီကျော်ကျော်၊ ဗမာပြည်ကွန်မြူနစ်ပါတီ (ရခိုင်အဖွဲ့)မှ ဦးစောထွန်းဦးနှင့် ရွှေပြည်အေး(MTA) အလင်းဝင်အဖွဲ့မှ ဦးစိုင်းခွမ်ဟိန်းတို့က စာတမ်းပြုစုရေးနှင့် ဖတ်ကြားတင်သွင်းရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး ပြုစုပြီးသည့် စာတမ်းအချို့ကို သဘာပတိထံအပ်နှံကြသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက်၉ နာရီ ၄၅ မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များ၏ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၅)တွင်ကျင်းပရာ သဘာပတိ ရန်ကုန်တိုင်းမှ ဒေါက်တာမျိုးသန့်တင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဆေးဝါးကုသမှုခံယူနေကြသော ညီလာခံကိုယ်စားလှယ်များအားကြည့်ရှုအားပေးစကားပြောကြား

ရန်ကုန် မေ ၂၄

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေး မောင်၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင်များနှင့်အတူ ယနေ့ညနေပိုင်းတွင် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)နှင့် တပ်မတော် အရိုးကုဆေးရုံကြီး(ခုတင်-၅၀၀)တို့သို့ သွားရောက်၍ ဆေးဝါးကုသမှုခံယူနေကြသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များအားကြည့်ရှု၍ အားပေးစကားပြောကြားပြီး အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်၏ ကျန်းမာရေးထောက်ပံ့ငွေများကို ပေးအပ်သည်။

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံ မြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)သို့ ရောက်ရှိကြရာ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမြင့်မောင်၊ မင်္ဂလာဒုံတပ်နယ်မှူး ဗိုလ်မှူးချုပ်မင်းသိန်း၊ တပ်မတော်ဆေးရုံကြီး တပ်မှူး ဗိုလ်မှူးချုပ်သန်းစိန်၊ ဒုတိယတပ်မှူးနှင့် ပါရဂူဌာနမှူးများက ကြိုဆိုကြသည်။

ကျန်းမာရေးထောက်ပံ့ငွေပေး

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၂)ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ သည် အထူးကုသဆောင်တွင် တက် ရောက်၍ ဆေးဝါးကုသမှုခံယူနေကြ သော တိုင်းရင်းသားလူမျိုးကိုယ်စား လှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စား လှယ် ဦးကျော်အေးနှင့် တောင်သူ လယ်သမားကိုယ်စားလှယ်များ အစု အဖွဲ့မှညီလာခံကိုယ်စားလှယ် ဦးရှောင် ဝါဒေါင်လွမ်းတို့အား တွေ့ဆုံ၍ ကျန်းမာရေးအခြေအနေများကို မေးမြန်းကာ အားပေးစကားပြောကြားပြီး အမျိုးသားညီလာခံကျင်ပရေး ကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၏ ကျန်းမာရေးထောက်ပံ့ငွေများကို ဆေးဝါးကုသမှု ခံယူလျက်ရှိသော ညီလာခံကိုယ်စားလှယ်များအား ပေးအပ်သည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည်တပ်မတော်အရိုးကုဆေးရုံကြီး (ခုတင် ၅၀၀)သို့ရောက်ရှိကြရာ တပ်မတော် အရိုးကုဆေးရုံကြီး တပ်မှူး ဒုတိယဗိုလ်မှူးကြီးထွန်းထွန်း၊ပါရဂူများနှင့်သူနာပြုအုပ်တို့က ကြိုဆိုကြသည်။

အားပေးစကားပြော

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် အထူးကြပ်မတ် ကုသဆောင်တွင် တက်ရောက်၍ ဆေးဝါးကုသမှုခံယူနေသော တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ် ဦးသိန်းလွင်အားတွေ့ဆုံ၍ ကျန်းမာရေးအခြေအနေများ မေးမြန်းကာ အားပေးစကားပြောကြားကြသည်။

ပေးအပ်

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က အမျိုးသား ညီလာခံ ကျင်းပရေးကော်မရှင်၏ ကျန်းမာရေး ထောက်ပံ့ငွေများကို ညီလာခံကိုယ်စားလှယ် ဦးသိန်းလွင် အား ပေးအပ်ပြီး တပ်မတော်အရိုးကု ဆေးရုံကြီးမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များ တပ်မတော်အရိုးကုဆေးရုံကြီး(ခုတင်-၅၀၀)အထူးကြပ်မတ်ကုသဆောင်၌တက်ရောက်၍ ဆေးဝါးကုသမှုခံယူနေသော အမျိုးသားညီလာခံကိုယ်စားလှယ်ဖြစ်သည့် တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ် ဦးသိန်းလွင်အား ကျန်းမာရေးအခြေအနေများ မေးမြန်းကြည့်ရှုအားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းအတွင်းရှိ သစ်ဆိုင်များ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၄

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယမန်နေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်တိုင်းအတွင်း သစ်ခွဲသားများဖြန့်ဖြူးရောင်းချပေးလျက်ရှိသော သစ်တောရေးရာဝန်ကြီးဌာနက ဖွင့်လှစ်ထားရှိသည့် ရန်ကင်းသစ်ဆိုင်၊ တောင်ဥက္ကလာပသစ်ဆိုင်၊ မြောက်ဥက္ကလာပသစ်ဆိုင်နှင့် ရွှေပေါက်ကံသစ်ဆိုင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သစ်ခွဲသားများ ဖြန့်ဖြူးရောင်းချပေးနေမှုအခြေအနေများကို စစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရွှေပြည်သာနှင့် ဝါးတရာစက်မှုဇုန်ရှိ ပုဂ္ဂလိကပိုင်'ထူး'သစ်အခြေခံစက်ရုံ၊ 'ရွှေမဲ'နှင့် 'ဟိန်းစိုး'သစ်အခြေခံစက်ရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များအား ပြည်ပဝင်ငွေတိုးမြှင့်ရရှိအောင် ကြိုးစားဆောင်ရွက်ကြရန်၊ လိုအပ်သည့် စက်ကိရိယာများ ရင်းနှီးမြှုပ်နှံကြရန်နှင့် လုပ်ငန်းရှင်အချင်းချင်း ပူးပေါင်းဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းစီစဉ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မြန်မာ့သစ်လုပ်ငန်း အမှတ်(၅) ပရိဘောဂစက်ရုံသို့သွားရောက်ပြီး စက်ရုံ၏ ကုန်ချောထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးကာ သစ်အချောထည်ရောင်းချခြင်းမှ ပြည်ပဝင်ငွေ ပိုမိုရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ အလေအလွင့်နည်းပါးအောင် စီစဉ်ဆောင်ရွက်ကြရန်နှင့် စည်းကမ်းစနစ်ရှိစေရန် မှာကြားသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် ဧရာဝတီတိုင်းရဲတပ်ဖွဲ့စခန်းများစစ်ဆေး ပြည်သူ့အကျိုးပြုလုပ်ငန်းများပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးမှာကြား

ရန်ကုန် မေ ၂၄

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်သည် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၂၂ ရက်နှင့် ၂၃ရက်တို့တွင် ဧရာဝတီတိုင်း ဟင်္သာတခရိုင်၊ ပုသိမ်ခရိုင်နှင့် မအူပင်ခရိုင်အတွင်းရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲစခန်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်သည် မေ ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ညောင်တုန်းမြို့နယ် ဗိုလ်မြတ်ထွန်းတံတားရိပ်သာ၌ ဧရာဝတီတိုင်း ရဲတပ်ဖွဲ့ တိုင်းအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့်အတူ မအူပင်ခရိုင်အတွင်းရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ ခရိုင်၊ မြို့နယ်အဆင့် ဌာနတာဝန်ခံ အရာရှိများအားတွေ့ဆုံ၍ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်နှင့် အမျိုးသားညီလာခံ အောင်မြင်ရေး အတွက် အသိစိတ်ဓာတ်အပြည့်ဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ရေးတို့ကိုမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် မေ ၂၃ ရက်တွင် လေးမျက်နှာမြို့နယ် ကွင်းကောက်နှင့် သဲနကုန်း ရဲစခန်းများကိုလည်းကောင်း၊ ရေကြည်မြို့နယ် ငါးသိုင်းချောင်း၊ ရေကြည်၊ အသုတ်ရဲစခန်းများကိုလည်းကောင်း၊ နေအိမ်လိုင်းခန်းများကိုလည်းကောင်း အသေးစိတ်ဝင်ရောက်ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဝန်ကြီးသည် ရေကြည်မြို့ မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ကြက်ခြေနီ၊ အရန်မီးသတ်တပ်ဖွဲ့၊ စစ်မှုထမ်းဟောင်းအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ စုစုပေါင်းအင်အား ၅၀၀ ခန့်နှင့်တွေ့ဆုံပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စေတနာထား၍ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

ရာနှုန်းပြည့်မိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

တရုတ်ရုပ်ရှင်ပညာရှင်များအသင်းမှ လေ့လာရေးအဖွဲ့ဝင်များအားညစာစားပွဲဖြင့်တည်ခင်းဧည့်ခံ

ရန်ကုန် မေ ၂၄

ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရုပ်ရှင်ပညာရှင်များအသင်းမှ အတွင်းရေးမှူးချုပ် Mrs. Liu Xiuwen ခေါင်းဆောင်သော လေ့လာရေးအဖွဲ့ဝင်များအား မြန်မာ့ရုပ်ရှင်လုပ်ငန်းက တည်ခင်းဧည့်ခံသည့် ညစာစားပွဲကို ယမန်နေ့ည၇နာရီက ရန်ကုန်မြို့ အလံပြ ဘုရားလမ်းရှိ Grand Plaza Park Royal Hotel ၌ ကျင်းပသည်။

ယင်းညစာစားပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ညစာစားပွဲ မကျင်းပမီ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဧည့်သည်တော် လေ့လာရေးအဖွဲ့ဝင်များသည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။ **(သတင်းစဉ်)**

မေ၂၃ရက်က ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်းတွင် ကျောင်း သုံး စာအုပ် အဟောင်းများ လှူဒါန်းပွဲနှင့် ကျောင်းမိသားစုအုပ်စုဝင်ကျောင်းများအား အလှူငွေလှူဒါန်းပွဲကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်နွဲ့က ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ ဆရာတော်ပူဇော်ပွဲ

ရန်ကုန် မေ ၂၄

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနက ကျင်းပခဲ့သော (၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးတွင် အောင်မြင်တော်မူခဲ့ပြီး တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် အရှင်သူမြတ်ဖြစ်သော ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက် စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၏ ပဓာနနာယက ဆရာတော်အရှင်သုန္ဒရ (ဒသမမြောက် တိပိဋကဓရ တိပိဋကကောဝိဒ)အား ဂုဏ်ပြုချီးကျူးပူဇော်ပွဲ အခမ်းအနားကို ၁၃၆၈ ခုနှစ် နယုန်လဆန်း ၁၂ ရက် (မေ၃၀ရက်)တနင်္ဂနွေနေ့တွင် အဆိုပါကျောင်းတိုက်၌ ခမ်းနားသိုက်မြိုက်စွာ ကျင်းပပူဇော်မည်ဖြစ်သည်။ ဂုဏ်ပြုလှူဒါန်းလိုသူများ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် ဖုန်း-၅၆၅၆၂၃သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

အဆင့်မြင့်တန်းကွင်းပိတ် ဘောလုံးပြိုင်ပွဲဆက် ကာကွယ်ရေးအသင်း ကွာတားဗိုင်နယ်တက်

ရန်ကုန် မေ ၂၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ၃နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ ကာကွယ်ရေးအသင်းက ပြည်ထဲရေးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ကာကွယ်ရေးအသင်း အတွက် ပထမဂိုးကို ၂၉မိနစ်တွင် ကျော်မင်းသက်က သွင်းယူသည်။ ဒုတိယဂိုးကို ၄၂မိနစ်တွင် စန်းမောင်က သွင်းယူပေးသည်။ ပထမပိုင်းအပြီးတွင် ကာကွယ်ရေးအသင်းက နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ကာကွယ်ရေးအသင်းအတွက် တတိယဂိုးကို မိနစ် ၉၀တွင် ကျော်မင်းသက်က သွင်းယူသဖြင့် ဂိုးပြတ်အနိုင်ရရှိသွားခြင်း ဖြစ်သည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ကာကွယ်ရေးအသင်းမှ စန်းမောင်ကရရှိသည်။ ကာကွယ်ရေးအသင်းသည် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်ရာ ဇွန်၂ရက် တွင် ဘဏ္ဍာ/အခွန်အသင်းနှင့် မြို့တော်စည်ပင်အသင်း ပွဲစဉ်မှ အနိုင်ရသူနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယနေ့ပွဲ

မေ၂၅ရက် (ယနေ့)ညနေ၃နာရီခွဲတွင် လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ သစ်တောရေးရာအသင်းနှင့်လယ်ယာထွက်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဆောင်းပါးစက်ရုံ ကုန်ချော (၃)

တပ်မတော်စွမ်းအားနှင့် ပြည်ထောင်စုရထား

ရတနာစည်ဆရာတော်
(လွိုင်လင်)

(က)

ပြည်ထောင်စုသားတို့၏ စည်းလုံးညီညွတ်မှုအင်အားများ တိုးပွားခိုင်မတ်လာလေတိုင်း ပြည်ထောင်စုနိုင်ငံများသည် မြင့်မားစွင့်ကားလာလေ့ရှိသော စီးကြောင်းနှင့် ပြည်ထောင်စုစိတ်ဓာတ်အင်အားများ နွမ်းပါးချည့်နဲ့လာလေတိုင်း ပြည်ထောင်စုနိုင်ငံများ ကွဲပြားပျက်ပြိုလေ့ရှိသည့် ဆန့်ကျင်ဘက်စီးကြောင်း ဟူသော စီးကြောင်းနှစ်ကြောင်းအနက် ယနေ့ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ပထမစီးကြောင်းအတွင်း အရှိန်ကောင်းကောင်း စီးဝင်နေသည်မှာ နေအသွင် လအလား ဖြစ်ပါ၏။

သည်သို့ ဖြစ်လာရခြင်းသည် နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင်မှုအောက်၌ အကြီးအကဲများအားလုံး တက်ညီလက်ညီ ကြိုးပမ်းအားထုတ်မှု ဝီရိယဓာတ်၊ ပြည်ထောင်စုကြီးတစ်ခုလုံးအပေါ် လွှမ်းခြုံစိုးမိုးနိုင်မှု ဣဿရိယဓာတ်၊ ပြည်ထောင်စုကြီးတစ်ခုလုံး ကွက်လပ်မကျန် ခြုံငုံဖြည့်ဆည်းနိုင်စွမ်းရှိမှု စေတနာဓာတ်၊ ပြည်သားတို့၏ မိဘသဖွယ်ဖြစ်တည်သော မေတ္တာဓာတ်၊ ပြည်သားတို့အား အတ္တကိုဗဟိုပြုသည့် ငါတကောကောစိတ်၊ အစွန်းရောက်စိတ်၊ မျက်ကန်းစိတ်တို့ကို ရှောင်ကြဉ်စေကာ နိုင်ငံကို ဗဟိုပြုသည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်နေအောင် ဖော်ဆောင်ဖန်တီးနိုင်သော ဣဒ္ဓိပါဒ်ဓာတ် ဟူသည့် စွမ်းရည်ပြည့်အစိုးရတစ်ရပ်၏ အရည်အသွေးတို့ကြောင့် ဖြစ်သည်မှာလည်း နေအသွင် လအလားသာ ဖြစ်ပါ၏။

ပြောမကုန် ရေးမခန်းနိုင်သည့်အကြောင်းစုံအခန်းခန်းတို့ထဲမှပြည်ထောင်စုအားကို ဝင့်ကြွားစွာမြှင့်တင်ထားသော တပ်မတော်စွမ်းအားနှင့် ပြည်ထောင်စုရထားကြီးတစ်စင်း ထင်းထင်းထင်ထွက်ပေါ်လာပုံ တစ်ခန်းတစ်ကဏ္ဍအဖြစ်။

(ခ)

ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေးသည် အဓိကကျကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် နေရာများသို့ ရာသီမရွေး သွားလာနိုင်သည့် လမ်းများဖောက်လုပ်ရန် အရေးကြီးကြောင်း၊ လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်မှ စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၃-၆-၉၄ရက်နေ့တွင် ကျင်းပသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေး၌ လမ်းညွှန်ချက်။

(ဂ)

ရက်စွဲ။ ။ ၂၁-၃-၂၀၀၄
အချိန်။ ။ နံနက် ၉ နာရီ
နေရာ။ ။ ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင် တောင်ဘက်ခြမ်း ပြည်သာယာဘူတာရုံရှေ့ မျက်နှာစာ။
အကြောင်းအရာ။ ။ တပ်မတော်သားတို့၏ စွမ်းအားကို ထင်ဟပ်သော ရထားလမ်းသစ်ဖွင့်ပွဲ။

(ဃ)

"နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံသူနိုင်ငံသား ပြည်ထောင်စုသားများအားလုံး လူနေမှုအဆင့်အတန်းမြင့်မားလာရေးကို အထူးတာဝန်တစ်ရပ်အဖြစ် အစဉ်တစိုက် တစိုက်မတ်မတ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အထူးသဖြင့် ဒေသတည်ငြိမ်အေးချမ်းပြီး လမ်းပန်းဆက်သွယ်မှုကောင်းမွန်မှသာ ဖွံ့ဖြိုးတိုးတက်ခြင်း ဖြစ်ထွန်းနိုင်တာကြောင့် နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နှင့်အညီ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ ကားလမ်းဟောင်းများအဆင့်မြှင့်တင်ခြင်း၊ ကားလမ်းသစ်များဖောက်လုပ်ခြင်းတို့နဲ့အတူ စရိတ်စက သက်သာစွာ စီးနင်းနိုင်ပြီး ကုန်စည်များပါပို့ဆောင်နိုင်တဲ့ ရထားလမ်းသစ်များကိုလဲ တိုးတက်ဖောက်လုပ်ပေးလျက်ရှိပါတယ်"

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၏ ကြည်လင်၍ ပီပြင်သောအသံက ပရိသတ် ၃၀၀၀၀ကျော်ထံ လွင့်ပျံ့လျက်ရှိ၏။ ပရိသတ် အပေါင်းတို့ကလည်း တိုင်းမှူး၏စကားကို အာရုံစိုက်လျက်ရှိကြ၏။

"ယနေ့ နိုင်ငံတော် အစိုးရလက်ထက်မှာ တောင်ကြီးခရိုင်အတွင်း ရွှေညောင်-ရပ်စောက်ရထားလမ်း အရှည် ၃၇ ဒသမ ၇မိုင်၊ အောင်ပန်း-လွိုင်ကော် ရထားလမ်း အရှည် ၁၀၄ မိုင်၊ ရွှေညောင်-ဆိုက်ခေါင်ရထားလမ်း အရှည် ၆၁ ဒသမ ၆၈မိုင်နဲ့ လွိုင်လင်ခရိုင်မှာ နမ့်စန်-မိုးနဲရထားလမ်းအရှည် ၂၇ ဒသမ ၅၆ မိုင်တို့ကို ဖောက်လုပ်ပေးပြီး ဖြစ်တာကြောင့် ဒေသခံ ပြည်သူများအနေနဲ့ စရိတ်စကသက်သာစွာ တစ်နေရာမှ တစ်နေရာသို့ သွားလာကူးသန်းရောင်းဝယ် ဖောက်ကားနေနိုင်ကြပြီ ဖြစ်ပါတယ်"

တိုင်းမှူးက နိုင်ငံတော်အစိုးရ၏ ပကတိစေတနာ ဓာတ်ကို ထင်ဟပ်ပြနေစဉ် ထိုစေတနာဓာတ်၏ ချိုမြရသကို ကိုယ်တိုင်ခံစား ကြရသည့် ပရိသတ်များက ခေါင်းတငြိမ့်ငြိမ့်ရှိနေကြ၏။ ဥပမာ-ဆိုက်ခေါင်အထိ ရထားလမ်းပေါက်လာသောအခါ ခရီးအသွားအလာများပြားပြီး ခရီးသည်များ၏ စားသုံးမှုများပြားလာသောကြောင့် သာမန်ထမင်းဆိုင်လေးမှ စားသောက် ဆိုင်ကြီးပိုင်ရှင်ဖြစ်လာသူ၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်ဘဝမှ ဆိုက်ခေါင် ထွက်ကုန်များကို တောင်ကြီးပို့၍ တောင်ကြီးမှလိုအပ်ကုန်များ ပြန်သယ်ကာ ရောင်းဝယ်ခြင်းဖြင့် မိသားစုစီးပွားဘဝ ကြွကြွရွရွ မြင့်တက်လာသူ၊ တစ်နေကုန်ထိုင်ရောင်း၍ အမြတ်ငွေ တစ်ထောင်မရသော အိမ်ဆိုင်လေးမှ မီးရထားကို အကြောင်းပြုကာ ထောင်ဂဏန်းအတော်များများ နေ့စဉ်ငွေဝင် နေသူစသည့် ထိုသူ---ဤသူ-အနီးသူများကိုယ်တိုင် ပရိသတ်ထဲမှ ဝင့်ဝဲစွာ ပါရှိနေသည် မဟုတ်ပါလား။

"ယခုအခါ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ ထပ်မံလမ်းညွှန်ချက်များအရ ဆိုက်ခေါင်-ပွန်ချောင်း-နမ့်စန် ရထားလမ်းမိုင်အရှည် ၁၀၃မိုင်ကို စီးပွားရေးတွက်ခြေကိုက်မှု ဦးစားမပေးဘဲ ဒေသတစ်ခွင်မှ ဒေသခံပြည်ထောင်စုသားများ အကျိုးအတွက် အဓိကထားပြီး ဆက်လက်ဖောက်လုပ်ရန် သတ်မှတ်ခဲ့ပါတယ်။ ရထားလမ်း အောင်မြင်ပြီးမြောက် သွားခဲ့တဲ့အခါမှာ တောင်ကြီးခရိုင် တောင်ဘက်ခြမ်းကျေးရွာများနဲ့ လွိုင်လင်ခရိုင် တောင်ဘက်ခြမ်းကျေးရွာများ ဆက်စပ်မိသွားပြီး ရထားခရီးကြောင့် ဒေသခံတိုင်းရင်းသားများ အကြားအမြင် ဗဟုသုတနဲ့တကွ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှာ ဧကန်မုချ ဖြစ်ပါတယ်။

"ဤရထားလမ်းဖောက်လုပ်နိုင်ဖို့ ကွင်းဆင်းတိုင်းတာမှုပြုရာမှာ တောထူထပ်ခြင်း၊ တောင်ကမ်းပါးများ မြင့်မားမတ်စောက်ခြင်း၊ ကျောက်တောင်များပေါများခြင်း၊ လူနေကျေးရွာများ ဝေးကွာခြင်းတို့ကို တွေ့ရှိရတဲ့အတွက် လုပ်သားလိုအပ်မှု၊ လုပ်အားလိုအပ်မှုများ လိုအပ်နေကြောင်း သုံးသပ်ရရှိပါတယ်။ ဒါကြောင့် လိုအပ်တဲ့ လုပ်သားနဲ့ လုပ်အားကို နယ်မြေခံတပ်မတော်သားတို့ရဲ့ စွမ်းအားနဲ့ ဖြည့်ဆည်းပေးနိုင်ဖို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်မတော်သားများကို ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရထားလမ်းဖောက်လုပ်ရန် တာဝန်ပေးအပ်ခဲ့ပါတယ်"

တိုင်းမှူးက ဆက်လက်ပြောကြားရာတွင် "အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ နယ်မြေခံတပ်မဌာနချုပ်နှင့် တပ်ရင်း၊တပ်ဖွဲ့များမှ တပ်မတော်သားများသည် ၁-၈-၂၀၀၁ ရက်နေ့မှ စတင်ကာ ဆိုက်ခေါင်မှ ပြင်သာယာသို့ ရထားလမ်းပိုင်းသစ် ဖောက်လုပ်ခဲ့ရာ ရထားလမ်းအရှည်မိုင်၁၆ ဒသမ ၈ မိုင်ကို ၂၇-၃-၂၀၀၃ ရက်နေ့၌ တပ်မတော်နေ့ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း။ ထိုမှ ပြင်သာယာ-ထီရိရထားလမ်းပိုင်းသစ် အရှည်မိုင် ၄ ဒသမ ၃မိုင်ကို ဆက်လက်ဖောက်ခဲ့ရာ ကောင်းစွာ အောင်မြင်ပြီးမြောက်ပြီဖြစ်၍ ယနေ့ရထားလမ်းသစ် ဖွင့်လှစ်မှာဖြစ်ကြောင်း" ပြောကြား၏။

ယနေ့ကာလ၌ တပ်မတော်သားတို့သည် တပ်မတော်၏ အဓိကတာဝန်ကြီး (၃)ရပ်ကို ထမ်းဆောင်လျက်ရှိကြသည်။ တိုင်းပြည်မအေးချမ်းလျှင်၊ သို့မဟုတ် တိုင်းပြည်ရန်သူပေါ်လာလျှင် "စစ်တိုက်ရန်"၊ တိုင်းနိုင်ငံအေးချမ်းနေလျှင်"လေ့ကျင့်ရန်"နှင့် "ပြည်သူ့ အကျိုးဆောင်ရွက်ရန်"ဟူသော အဓိကတာဝန်ကြီးများဖြစ်၏။ ယနေ့အချိန်အခါဝယ် ပြည်ထောင်စုကြီးတစ်ခုလုံးနီးပါးအေးချမ်းသာယာနေပြီဖြစ်ရာ တပ်မတော်သားတို့သည်"အစဉ်သဖြင့် အဆင်သင့်ဖြစ်နေစေရေး လေ့ကျင့်ရန်"နှင့် "ပြည်သူ့ အကျိုးဆောင်ရွက်ရန်"တို့ကို အားသွန်ခွန်စိုက် ကြိုးပမ်းလျက်ရှိကြသည်တွင် ယခုတောင်ကြီးခရိုင်နှင့် လွိုင်လင်ခရိုင်ဟူသော ခရိုင်နှစ်ခရိုင်အတွင်း စရိတ်စက သက်သာစွာ ကူးသန်းသွားလာ ရောင်းဝယ် ဖောက်ကားနိုင်ရန် ခရိုင်ချင်းဆက်ရထားလမ်းသစ်ကို ဖောက်လုပ်ပေးခြင်းဖြင့် "ပြည်သူ့အကျိုး ဆောင်ရွက်ရေး"ကို အကောင်အထည်ဖော်ခြင်းမည်လေ၏။

တိုင်းမှူးက ဤသို့ နိဂုံးစကားပြောကြား၏။ "တပ်မတော်သားတို့ရဲ့ စွမ်းအားနဲ့ ကျန်ရှိနေသေးတဲ့ လမ်းပိုင်းများကိုလဲ ဆက်လက် ဖောက်လုပ်သွားမှာဖြစ်ပါတယ်။ ဒီရထားလမ်းသစ်ကြီး အလုံးစုံ ပြီးစီးအောင်မြင်သွားရင် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်လာပြီး တိုင်းရင်းသားများရဲ့ လူမှုစီးပွားဘဝမြင့်မားတိုးတက်လာမှာ မုချဖြစ်ပါတယ်။ ဒီရထားလမ်း ကြီးကိုအကြောင်းပြုပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ထွန်းကားပြန့်ပွားခိုင်မာလာမှာ မုချဖြစ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား"

ပရိသတ်သုံးသောင်းကျော်တို့၏ လက်ခုပ်သံသည် နဘံအထက် ပျံတက်လေတော့၏။

(င)

အစီအစဉ်အရ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးက ဖွင့်ပွဲမင်္ဂလာစကား ပြောကြားရန်ဖြစ်သဖြင့် အခမ်းအနားမှူးက ဝန်ကြီးအား ဖွင့်ပွဲမင်္ဂလာစကား ပြောကြားချီးမြှင့်ပေးပါရန် ပန်ကြား၏။

မကြာမီ ကြည်လင်အေးမြသောအသံ ထွက်ပေါ်လာ၏။

"ဒီနေ့အခမ်းအနားကို တက်ရောက်ချီးမြှင့်ကြတဲ့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်တကွ ဌာနဆိုင်ရာအကြီးအကဲများ၊ ဒေသခံမိဘပြည်သူများအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာမေတ္တာပို့သအပ်ပါတယ်"

ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၏ မေတ္တာအသံသည် မိုးနဘံ ထွင်းဖောက်၍ စကြဝဠာအနန္တတိုင်ရောက်ရှိကြောင်း အောက်ပါပါဠိအကိုးဖြင့် ထင်ရှား၏။

"ဒါနသဒ္ဒေါ ဆကာမာဝစရော= ဒါနအသံသည် နတ်ခြောက်ဘုံ"

"ဈာနသဒ္ဒေါ ဘဝဂ္ဂေါ= ဈာန်အသံသည် အထက်ဘဝဂ်"

"မေတ္တာသဒ္ဒေါ အနန္တော= မေတ္တာအသံသည် စကြဝဠာအနန္တ"

ယင်းပါဠိနီတိက မေတ္တာတရားကို အထူးခြယ်မှုန်းထားသဖြင့် လူသားတိုင်းလက်ခံထားအပ်သော မေတ္တာတရားဟု မပြောဘဲပြီးသွား၏။ မေတ္တာတရားသည် ကံသုံးပါးလုံး၌ တည်ရှိရာ မေတ္တာမနောကံ၊ မေတ္တာစိတ်ကို မွေးမြူပွားများနိုင်လျှင် မေတ္တာဝစီကံ၊ မေတ္တာကာယကံတို့သည် အလိုလိုပြည့်စုံလာ၏။ ထိုအခါဝယ် ဘဝ၏ထောင့်တောင့်တောင့်အနေအထားများ၊ ဘဝ၏ စိမ်းဆတ်ဆတ် အခြေအနေများ၊ ဘဝ၏ ခက်တရော် ကြမ်းတမ်းမှုများ၊ ဘဝ၏သွေ့ခြောက် ပူပြင်းမှုများမှ လွတ်မြောက်လေ၏။ ဤ၌ဖော်ပြအပ်သော အင်္ဂုတ္တရအဋ္ဌကထာလာ မေတ္တာစိတ်ဖွင့်ဆိုချက်မှာ "မေတ္တာစိတ္တံတိ-မေတ္တာစိတ်ဟူသည် သဗ္ဗသတ္တာနံ-သတ္တဝါအားလုံးတို့အား ဟိတဖရဏ စိတ္တံကောင်းကျိုး လိုလားဖြန့်ကြက်ထားသောစိတ် တည်း"ဟုဖြစ်၏။ (အံ၊ ဋ္ဌ၊ ၁၊ ၅၃)

ယနေ့မြန်မာနိုင်ငံသည် မေတ္တာစိတ်ကို အထူးဖြန့်ကြက်နိုင်သော နိုင်ငံအဖြစ် ပို၍ထင်လင်းလာလျက်ရှိ၏။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ သာသနာ့ဦးသျှောင် ဆရာတော်ကြီးများနှင့် နိုင်ငံအဝန်း မဟာထေရ်ကြီးများ၏ မေတ္တာ၊ နိုင်ငံတော်အကြီးအကဲနှင့်တကွ ဆိုင်ရာအကြီး အကဲတို့၏ မေတ္တာ၊ တိုင်းသူပြည်သား အပေါင်းတို့၏ မေတ္တာများကြောင့် ယနေ့မြန်မာနိုင်ငံသည် မေတ္တာခြုံလွှမ်း၍ အေးချမ်းသာယာသော နိုင်ငံ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ခြင်း လင်းဖွင့်သော နိုင်ငံအဖြစ် ထွန်းသစ်လာနေသည်မှာ မည်သူမျှမငြင်းနိုင်ပါချေ။

ယင်းမေတ္တာတရားဟူသည့် ကောင်းကျိုးလိုလားဖြန့်ကြက်စိတ်ဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးက ဆက်လက်ပြောကြားရာတွင် "ယခင်က ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ရွှေညောင်အထိသာ ရထားလမ်း ပေါက်ခဲ့သဖြင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **'တောနှင့်မြို့ ကွာဟမှု ကျဉ်းမြောင်းသွားစေရန် ဆက်သွယ်ရေးလမ်းကြောင်းများ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရေး၊ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသည့် နယ်စပ်ဒေသများ၌ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်အောင် စီမံချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရေး'**လမ်းညွှန်မှုပေးခဲ့သည်နှင့် အညီ ရွှေညောင်မှ တောင်ကြီးအထိ ရထားလမ်းအရှည်မိုင် ၂၀ ဒသမ ၈၁ မိုင်ကို ၂၄-၁၂-၉၇ ရက်နေ့၌ တောင်ကြီး-ဖာမွန်းရထားလမ်းအရှည်မိုင်၆ ဒသမ ၂မိုင်ကို ၂၇-၇-၉၆ ရက်နေ့၌ ဖာမွန်း-ဘန်းယဉ်ရထားလမ်းအရှည်မိုင် ၂၇ ဒသမ ၄၂ မိုင်ကို ၄-၆-၉၆ရက်နေ့၌ ဘန်းယဉ်-ဆိုက်ခေါင်ရထားလမ်းအရှည်မိုင်၇ ဒသမ ၆၃ မိုင်ကို ၃၀-၄-၂၀၀၁ ရက်နေ့၌ ဆိုက်ခေါင်မှ ယခု ပြင်သာယာအထိ ရထားလမ်းအရှည်မိုင် ၁၆ ဒသမ ၈မိုင်ကို ၂၇-၃-၂၀၀၃ ရက်နေ့၌ အသီးသီး ဖွင့်လှစ်ခဲ့ပြီဖြစ်ပါကြောင်း" ဖြင့် မှတ်တမ်းတင်ပြောကြား၏။

ထို့နောက် ဝန်ကြီးက မြန်မာ့မီးရထားအနေဖြင့် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာ၌ တစ်တပ်၊ တစ်အား ပါဝင်လျက်ရှိပုံ၊ စရိတ်စကသက်သာစွာဖြင့် ခရီးသွားပြည်သူတို့၏ အကျိုးကို သယ်ပိုးလျက်ရှိပုံတို့ကို ပြောကြားရင်း တပ်မတော်သားတို့၏ စွမ်းအားကြောင့် ဖြစ်တည်လာရပါသော ရထားလမ်းသစ်ရေရှည်တည်တံ့ခိုင်မြဲကောင်းမွန်နေစေရအောင် မြန်မာ့မီးရထားဝန်ထမ်းများနှင့်အတူ ဒေသခံပြည်သူများကပါ ဝိုင်းဝန်းစောင့်ရှောက်ကြပါရန်ပန်ကြားပြီး စကားနိဂုံးသိမ်းလေ၏။ ယင်းနောက် ဒေသခံပြည်သူများကိုယ်စားဆိုက်ခေါင်ကျေးရွာမှ ပအိုဝ်းတိုင်းရင်းသား ဦးခွန်သန်းထူးက နိုင်ငံတော်အား ကျေးဇူးတင်စကားပြောကြားလေ၏။

ထိုမှ မင်္ဂလာအချိန်ရောက်ရှိလာသောအခါ တိုင်းမှူးနှင့် ဝန်ကြီးတို့က ပြင်သာယာ-ထီရိ ရထားလမ်းပိုင်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ် ဖွင့်ပွဲဝင်ပရိသတ်တို့၏ လက်ခုပ်သြဘာသံ ညံမစဲတုန်ဟည်းသွားကာ တိုင်းမှူးနှင့်ဝန်ကြီးတို့က ဖွင့်ပွဲမင်္ဂလာမုခ်ဦးရှေ့တွင် တိုင်းရင်းသားများနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ကြပြီး ဒေသခံတိုင်းရင်းသားတို့အား ရင်းနှီးစွာလိုက်လံနှုတ်ဆက်လျက် ဖွင့်ပွဲမင်္ဂလာအထူးခရီးစဉ်အဖြစ် ထွက်ခွာမည့် အထူးရထားပေါ်သို့ ပြုံးပျော်စွာ တက်ရောက်ကြလေ၏။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဝန်ကြီးဦးဖေသန်း၊ ရထားလမ်း ဖောက်လုပ်ရေးတာဝန်ခံ လွိုင်လင်တပ်နယ်မှ ဗိုလ်မှူးကြီးသောင်းအေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီးရဲထွန်းစိန်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာအရာရှိကြီးများ၊ တောင်ကြီးခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်တင်၊ လွိုင်လင်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းတင့်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်းကျင်မြို့နယ်များမှ မြို့နယ်ဥက္ကဋ္ဌများနှင့်မြို့နယ်အဆင့်တာဝန်ရှိ ပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားများကို တင်ဆောင်ကာ အထူးရထားကြီးစတင်ထွက်ခွာစဉ်--

ရထားပေါ်၊ ရထားအောက် ပရိသတ်သုံးသောင်းကျော်တို့၏ နှလုံးသားပုံဆောင်ခဲ မျက်နှာပြင်ဝယ် ဒြပ်ထင်လာသော ကမ္ပည်းအက္ခရာများမှာ **"တပ်မတော်သားတို့၏စွမ်းအား"**ဟုဖြစ်သကဲ့သို့ အထူးရထားကြီး၏ မျက်နှာပြင်၌ ဟပ်ထင်လာသော ကမ္ပည်းအက္ခရာများမှာ **"ပြည်ထောင်စုရထား"**ဟုဖြစ်ပါ၏။

(စ)

ရှေ့ခရီးကိုကြည့်သောအခါ ထီရိမှ ထီထဲထိုးအထိ ရထားလမ်းအရှည်မိုင် ၉ ဒသမ ၃ မိုင်၊ ထီထဲထိုး-ထမ်ဆိုင်း ရထားလမ်းအရှည်မိုင် ငါးမိုင်၊ ထမ်ဆိုင်း-ထူးကျန့် ရထားလမ်းအရှည်မိုင် ၆ ဒသမ ၈ မိုင်နှင့် ထူးကျန့်-ပွန်ချောင်းရထားလမ်းအရှည်မိုင် ၈ ဒသမ ၄ မိုင်တို့ကို အပိုင်းပိုင်းခွဲလျက် တပ်မတော်သားတို့၏ စွမ်းအားဖြင့် ဆက်လက်ဖောက်လုပ်ဆဲရှိ၏။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

X-RAY စက်မောင်းနှင့်ကိုင်တွယ်ထိန်းသိမ်းခြင်းသင်တန်းဖွင့် ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မေ ၂၄

X-RAY Machine မောင်းနှင့် ကိုင်တွယ်ထိန်းသိမ်းခြင်းသင်တန်း အမှတ်စဉ်(၂/၂၀၀၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မင်္ဂလာဒုံရှိ လေကြောင်းပညာသိပ္ပံ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံ ရဲမှူခင်းတပ်ဖွဲ့၊ မြန်မာနိုင်ငံမူးယစ်တပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနများမှ ဌာနအကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းသားများ တက်ရောက်ကြသည်။ (အပေါ်ပုံ)

ဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် မြို့ပြလေကြောင်း လုံခြုံရေး၊နိုင်ငံတော်မှ ဥပဒေအရ တားမြစ်ထားသည့် ကုန်ပစ္စည်းများ၊ ပြည်ပသို့ တရားမဝင်သိုဝှက်ယူဆောင်ခြင်းများမရှိအောင် တားဆီး ကာကွယ်ဖော်ထုတ်နိုင်ရေးအတွက်အထောက်အကူ ပစ္စည်းများဖြစ်သည့် X-RAY စက်နှင့် အခြားခေတ်မီ စက်ကိရိယာများကို စနစ်တကျကျွမ်းကျင်စွာမောင်းနှင်ကိုင်တွယ်ထိန်းသိမ်းနိုင်ရန် သင်တန်း ဖွင့်လှစ် ရခြင်းဖြစ်ကြောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းဆောင်ရွက်လာသည့်အခါ အာဆီယံနိုင်ငံများရှိ လေဆိပ်များကဲ့သို့ ဆောင်ရွက်နိုင်ရန် ပြုပြင်မှုများ ပြုလုပ်လာသည့်အတွက် ပြည်ပခရီးသည် ထွက်ခွာဆောင်နှင့် ပြည်တွင်းခရီးသည် ထွက်ခွာဆောင်များ၌ အကောက်ခွန်ကောင်တာများ မထားရှိတော့ဘဲ အကောက်ခွန်အရာရှိများကို X-RAY စက်သင်တန်းပေးပြီး ကန့်သတ်ထားသော ပစ္စည်းများရှာဖွေခြင်း ဆောင်ရွက်သွားရန် ကော်မတီ အစည်းအဝေးမှ ဆုံးဖြတ်ခဲ့သည့်အတွက် ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲမှူခင်းတပ်ဖွဲ့ဝင် အရာရှိများ၊ မြန်မာနိုင်ငံ ရဲမှူးယစ်တပ်ဖွဲ့ဝင် အရာရှိများ၊ အကောက်ခွန်ဦးစီးဌာနမှ အရာရှိများ တက်ရောက်ကြပြီး သင်တန်း ကာလမှာ ရက်သတ္တတစ်ပတ်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ (၁၀) ဆောင်းပါးမှအဆက်

ဤအပိုင်းများသည် ပင်လယ်ရေပြင်မှ အမြင့်ပေ ၃၀၀၀၊ ၆၀၀၀၊ ၄၀၀၀ ဟု အနိမ့်အမြင့်များ ဖြစ်တည်နေခြင်း၊ တောင်ခါးပန်းမှ ပန်းတက်လမ်းအဖြစ် သာမက တောင်ထိပ်ဦးလမ်းအဖြစ်ပါ ဖောက်လုပ်ရမည်ဖြစ်ခြင်း၊ အမြင်နီးလျက် ခရီးခက်သော အနေအထားမှ အမြင်နီးတယ်၊ ခရီးလွယ် အနေအထားသို့ အရောက် ဖောက်လုပ်ရမည်ဖြစ်ခြင်း၊ အန္တရာယ်ရှိသော လွန်းထိုးလမ်းအဖြစ် မဖောက်လုပ်ဘဲ အန္တရာယ်ကင်းသော တက်လမ်း၊ ဆင်းလမ်းအဖြစ်သာ ဖောက်လုပ်ရမည်ဖြစ်၍ ပေ ၈၀ လျှင် တစ်ပေနှုန်းအရ ပြေပြေတက်၊ ပြေပြေ ဆင်းနိုင်ရန် ပြေလျောချောမွေ့အောင် ဖောက်လုပ်ရမည်ဖြစ်ခြင်း၊ လိုအပ်၍ အကွေ့ကွေ့သောအခါ စက်ဝိုင်းအချင်းဝက် မီတာ ၁၅၀ နှုန်းဖြင့် ကွေ့နိုင် အောင် (တစ်နည်းပြောရလျှင်) အကွေ့တိုင်း၊ အကွေ့တိုင်းမှာ ရှေ့ဆုံးတွဲနှင့် နောက်ဆုံးတွဲရှိ ခရီးသည်များအချင်းချင်း လက်ပြနှုတ်ဆက်နိုင်အောင် ဖောက်လုပ်ရမည်ဖြစ်ခြင်းတို့ကြောင့် ခက်ခဲမှုနှင့် ခက်တရော်မှုတို့က စိန်ခေါ်နေသည်မှာ အမှန်ဖြစ်၏။ သို့သော် မည်မျှခက်ခက် အခက်ကို ပြေနိုင်စွမ်း၊ မည်မျှကြမ်းကြမ်းအကြမ်းကို ချောနိုင်စွမ်းဟူသော တပ်မတော်စွမ်းအားဖြင့် တပ်မတော်သားတို့က ကျော်လွှားရင်ဆိုင်အောင်နိုင်မည်သာဖြစ်၏။

ဖော်ပြပါ အပိုင်းလေးပိုင်းခရီး၌ မြေသားကျင်းပေါင်း၁၇၀၆၇၅၈ကျင်းတူး၊ ဖို့၊ ဖြုန်းကျောက်ကျင်းပေါင်း ၆၇၅၅၆၅ ကျင်းထုတ်လုပ်၊ တံတားကြီးငယ်ပေါင်း ၈၁ စင်းတို့ကို တည်ဆောက်လျက် မြေပေါင်ညှိခြင်း၊ သံလမ်းခင်းခြင်း၊ ကျောက်ဖြည့်ခြင်းတို့ကိုပါ မလျှော့သောဇွဲ၊ ထန်သဲသောလုံ့လတို့ဖြင့် လုံးဝ အောင်စတမ်း ကြိုးပမ်းကြရပါဦးမည်။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးကိုယ်တိုင် အမြဲမပြတ်ကြပ်မတ်လျက်ရှိခြင်း၊ ရထားလမ်းဖောက်လုပ်ရေးတာဝန်ခံ ဗိုလ်မှူးကြီးသောင်းအေးကိုယ်တိုင် အနီးကပ်ကြီးကြပ်ကွပ်ကဲလျက်ရှိခြင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်မတော်သားများက တက်ကြွထက်သန်စွာ လုပ်အားပေးလျက်ရှိခြင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ကိုယ်တိုင် အားပေးပံ့ပိုးလျက်ရှိခြင်းနှင့် မြန်မာ့မီးရထားဝန်ထမ်းများကလည်း ကျရာတာဝန် ကျေပွန်အောင် ကြိုးပမ်းနေခြင်းဟူသော အကြောင်းကောင်းတို့ကို အကြောင်းခံနိုင်ခြင်းကြောင့် အကျိုးရလဒ်အဖြစ် စံမီရထားလမ်းသစ် တည်ဖြစ်လာတော့မည် ဧကန်ပါပေ။

ထိုအခါဝယ် တပ်မတော်စွမ်းအားဖြင့် စွင့်ကားကြွတက်လာသည့် ရထားသံလမ်းပေါ်မှ ပြည်ထောင်စုရထား၏ ဥသြသံက တိုင်းရင်းသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို မပြတ်ထွန်းကား မြဲပြန့်ပွားအောင် မြှင့်အားတင်ပေးနေမည်သာဖြစ်ပါသတည်း။ ။

■ အာဆီယံအိုးပင်းမှ

ပြိုင်ပွဲအမျိုးအစားများမှာ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲနှင့် အသင်းလိုက်ပြိုင်ပွဲများပါဝင်မည် ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် အိမ်ရှင်နိုင်ငံအဖြစ်ပါဝင်ဆင်နွှဲမည့် မြန်မာလူငယ် ရွက်လှေသမားများလေ့ကျင့်ရာ အင်းလျားကန်သို့ သွားရောက်၍ နည်းပြချုပ်ဦးသန်းစိန်နှင့် တွေ့ဆုံကာ လူရွေးချယ်မှု၊ နိုင်ငံခြားနည်းပြများနှင့် လေ့ကျင့်မှု၊ ပင်လယ်ပြင်လေ့ကျင့်မှုအတွေ့အကြုံများကို တွေ့ဆုံမေးမြန်း၍ တင်ပြလိုက်ပါသည်။

လေ့ကျင့်ခဲ့

"မိမိအသင်းတွင် အမျိုးသား ၂၄ ဦးနှင့် အမျိုးသမီး ကိုးဦး စုစုပေါင်း ၃၃ဦးရွေးချယ်၍ စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိကြောင်း၊ ကိုယ်ကာယကြံ့ခိုင်မှုနှင့် ရွက်လှေပိုင်းဆိုင်ရာ နည်းစနစ်များကို လေ့ကျင့်ပေးလျက်ရှိကြောင်း၊ ဧပြီ ၁ရက်မှ မေ ၁၅ရက်အထိ ရက်ပေါင်း ၄၅ရက်ကြာ ချောင်းသာကမ်းခြေတွင် ဩစတြေးလျနည်းပြဆရာ Mark Jackson နှင့် မိမိအပါအဝင် မြန်မာနည်းပြများက ပင်လယ်ပြင် အတွေ့အကြုံရစေရန် လေ့ကျင့်မှုပြုခဲ့ကြောင်း၊ မေလမှစ၍ မိုးရာသီတွင် ရန်ကုန်မြို့ အင်းလျားကန်တွင် လေ့ကျင့်မည်ဖြစ်ပြီး ဇွန် ၁ရက်တွင် ဩစတြေးလျနည်းပြဆရာအစား ဒိန်းမတ်နိုင်ငံသူ အမျိုးသမီးနည်းပြဆရာငှားရမ်းပြီး ဆက်လက်လေ့ကျင့်မှုပြုလုပ်သွားမှာဖြစ်ကြောင်း၊ နိုဝင်ဘာနောက်ဆုံးပတ်တွင် ပြိုင်ပွဲကျင်းပမည့် ချောင်းသာကမ်းခြေတွင် သွားရောက်၍ ပင်လယ်ပြင်လေ့ကျင့်မှုများကို ထပ်မံပြုလုပ်မည်ဖြစ်ပြီး စံချိန်များမှတ်ကာ အပြီးသတ်လူရွေးချယ်မှုအပိုင်းကို ပြုလုပ်သွားမှာဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

အဆိုပါ ပြိုင်ပွဲသို့ အိမ်ရှင်မြန်မာအပါအဝင် အာဆီယံနိုင်ငံများ၊ အာရှမှ ဂျပန်၊ တရုတ်၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့အပြင် ဥရောပမှ ဩစတြေးလျ၊ နယူးဇီလန်နိုင်ငံတို့ အပါအဝင် နိုင်ငံပေါင်း ၁၅နိုင်ငံမှ ပြိုင်ပွဲဝင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

စိတ်ဓာတ်တက်ကြွ

ပြိုင်ပွဲဝင် မြန်မာရွက်လေအသင်းသည် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကြပ်မတ်မှုကိုခံယူပြီး မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဥက္ကဋ္ဌဦးသိန်းထွန်း၊ အထွေထွေအတွင်းရေးမှူး ဦးမိုးမြင့်နှင့် အမှုဆောင်များ၏အနီးကပ်ကြိုးပမ်းဆောင်ရွက်မှု၊ နည်းပြချုပ်ဦးသန်းစိန်နှင့် မြန်မာနည်းပြဆရာ၊ နိုင်ငံခြား နည်းပြဆရာများ၏ စနစ်တကျလေ့ ကျင့်ပေးမှုကြောင့်ပြိုင်ပွဲဝင်ကလေးများ စိတ်ဓာတ်တက်ကြွကာ အောင်ပန်းဆင်နိုင်ရေးအတွက် အထူးကြိုးစားလေ့ကျင့်လျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် သူရဦးစိုးအောင် မေ ၂၁ ရက်က မုံရွာမြို့နယ် ကြေးမုံကျေးရွာရှိ ကျေးလက်အိမ်ရာများကို ကြည့်ရှုစစ်ဆေးစဉ်။ (နယ်စပ်စည်ပင်)

❒ စစ်ကိုင်းတိုင်းချောင်းဦးမြို့နယ်မှ

ယင်းနောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား စည်ပင်သာယာရေးဦးစီးဌာနနှင့် ပြည်နယ်၊ တိုင်းနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့များက ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာ ရရှိရေးဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ကျောက်ချောလမ်း

ဆက်လက်၍ ချောင်းဦး–အမြင့်လမ်း ကျောက်ချောလမ်းခင်းကျင်းပြီးစီးမှုကို သွားရောက်စစ်ဆေးသည်။ ယင်းနောက် မုံရွာမြို့ ကမ်းနားလမ်း ချင်းတွင်းမြစ်ရေထိန်းကျောက်ရိုးစီနံရံ လုပ်ငန်းဆောင်ရွက်နေခြင်းနှင့် ကမ်းနားလမ်းတိုးချဲ့ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

မေ ၂၂ ရက် နံနက်ပိုင်းက သူရဦးစိုးအောင်သည် မုံရွာမြို့နယ် ကြေးမုံကျေးရွာနှင့် မြင်းမူမြို့နယ် ဝွေးပင်တောကျေးရွာများတွင် စည်ပင်သာယာရေးအဖွဲ့များက အကောင်အထည်ဖော်ခဲ့သော ကျေးလက်အိမ်ရာများသို့ ရောက်ရှိပြီး အိမ်ရှင်များနှင့် ရင်းနှီးစွာ တွေ့ဆုံရာ အိမ်ရှင်များက ကျေးလက်အိမ်ရာများကို အဖိုးနှုန်းချိုသာစွာဖြင့် တည်ဆောက်ပေးသည့်အတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးအထူးတင်ကြောင်း ပြန်လည်ပြောကြားသည်။ ဆက်လက်၍ မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ကျေးလက်လမ်း၊ ကျေးလက်ရေပေးရေးနှင့် ကျေးလက်အိမ်ရာလုပ်ငန်းများကို အသေးစိတ်မှာကြားသည်။ ယင်းနောက် စစ်ကိုင်းမြို့နယ် မကျီးကုန်းကျေးရွာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် အလှူရှင်ပူးပေါင်းဆောင်ရွက်သော စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကျေးလက်အိမ်ရာများ တည်ဆောက်ပေး

ရန်ကုန် မေ ၂၄

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ကျေးလက်အိမ်ရာများအား မင်းဘူးမြို့နယ် မယ်ဘောကုန်းအုပ်စု မယ်ဘောကုန်းကျေးရွာတွင် ကျေးလက်အိမ်ရာတစ်လုံး၊ အောက်ကျောင်းကျေးရွာတွင် ကျေးလက်အိမ်ရာသုံးလုံး တည်ဆောက်ပြီးဖြစ်၍ **(အပေါ်ပုံ)** ဆက်လက်ဆောက်လုပ်မည့် မင်းလှကျင်းအုပ်စု လေးပင်ကျေးရွာ၊ ပန်းတောင်းအုပ်စု ပန်းတောင်းကျေးရွာ၊ ကုန်းသာအုပ်စု ကုန်းသာကျေးရွာများတွင် ကျေးလက်အိမ်ရာများ ဆက်လက်ဆောင်ရွက်နိုင်ရန် အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။ **(မြို့နယ်စည်ပင်)**

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြစ်သာတံတား(ကလေးဝ)တည်ဆောက်ရေး လုပ်ငန်းစစ်ဆေး ဒေသဖွံ့ဖြိုးရေး အရှိန်အဟုန်ဖြင့် တိုးတက်ရေး စွမ်းဆောင်ကြိုးပမ်းရန်မှာကြား ချင်းပြည်နယ်မြောက်ပိုင်းနှင့် စစ်ကိုင်းတိုင်းဆက်သွယ်ရာ၌ ကလေးမြို့သည် အချက်အချာဖြစ်

ရန်ကုန် မေ ၂၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မေ ၂၂ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ မြန်မာ့လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ကြရာ နံနက်၈နာရီတွင် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး လိုက်ပါလျက် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ နံနက် ၈နာရီ ၄၅မိနစ်တွင် စစ်ကိုင်းတိုင်း ကလေးမြို့သို့ ရောက်ရှိပြီး ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေး လိုက်ပါလျက် ကလေးတပ်နယ်ရှိ အောင်ဆန်းခန်းမ၌ ကလေးခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံကာ အမှာစကား ပြောကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကလေးမြို့ ကလေးတပ်နယ် အောင်ဆန်းခန်းမတွင် ကလေးခရိုင်နှင့်မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ကလေးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးအောင်စောက ကလေးမြို့နယ်၏ မြေအသုံးချမှုအခြေအနေ၊ ဆည်၊ ကန်၊ ရေတံခါး၊ ချောင်းပိတ်၊ မြောင်းပိတ်နှင့် ရေလွှဲတန်း ၇၄ခုတို့က လယ်မြေဧက ၄၅၄၅၆ဧကကို အကျိုးပြုနိုင်မှုအခြေအနေ၊ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် မိုးစပါးဧက ၁၁၇၉၀၃ စိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ ၁၂၁၉၃၈ဧကစိုက်ပျိုးနိုင်မှုနှင့် နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စားဖိုဆောင်သီးနှံနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်မှုအခြေအနေ၊ ကလေးမြို့နယ်ရှိ ၂၀၀၄-၂၀၀၅ခုနှစ် ဧပြီလအထိ စီမံကိန်း အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှု အခြေအနေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် ငါးရပ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မိုးမြင့်က ကလေး၊ ကလေးဝ၊ မင်းကင်းမြို့နယ် အပါအဝင် ကလေးခရိုင်တစ်ခုလုံး၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ဆက်လက်၍ ဌာနဆိုင်ရာများက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် ကလေးခရိုင်သည် စစ်ကိုင်းတိုင်း တစ်ခုလုံးအနေဖြင့် ကြည့်မည်ဆိုပါက ဖွံ့ဖြိုးတိုးတက်မှုကောင်းမွန်သော ခရိုင်တစ်ခုဖြစ်ကြောင်း၊ မြို့နယ်များအနေဖြင့်မူ ဖွံ့ဖြိုးတိုးတက်မှု အနည်းအများ ကွာဟမှုရှိနေသေးကြောင်း။

ကလေးမြို့ မြစ်သာတံတား(ကလေးဝ)တည်ဆောက်ရေးစီမံကိန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

ယခုအခါ နိုင်ငံတော်က ချင်းပြည်နယ်တောင်ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန် ပခုက္ကူမြို့ကို အခြေခံထား ဆောင်ရွက်နေသကဲ့သို့ ချင်းပြည်နယ်မြောက်ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကလေးမြို့ကို အခြေခံထား ရှိပြီး ဒေသဖွံ့ဖြိုးရေးတို့ကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း။

စွမ်းဆောင်ကြိုးပမ်း

ထို့ကြောင့် ကလေးမြို့နှင့် ကလေးခရိုင်အတွင်းရှိ ဌာနဆိုင်ရာများအနေဖြင့် မြို့နယ်၊ ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့ကို အချိန်တိုအတွင်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် စွမ်းဆောင်ကြိုးပမ်းကြရမှာဖြစ်ကြောင်း။

ထို့အပြင် မုံရွာ-ကလေးဝ-မော်လိုက် ကားလမ်း၊ ကနီ-မင်းကင်းကား လမ်းများ အဆင့်မြှင့်တင် ဖောက်လုပ်နေပြီဖြစ်ရာ စစ်ကိုင်းတိုင်း၏ လမ်းပန်း ဆက်သွယ်မှု ပိုမိုကောင်းမွန်လာပြီဖြစ်ကြောင်း၊ ကလေးမြို့သည် ချင်းပြည်နယ် (မြောက်ပိုင်း)နှင့် ဆက်သွယ်ရာတွင် အချက်အချာဒေသ ဖြစ်ကြောင်း။

စစ်ကိုင်းတိုင်းကို အထက်မြန်မာပြည်၏ စပါးကျီဖြစ်ရေးကို သတ်မှတ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ မြို့နယ်တစ်ခုချင်းစီအလိုက် မြေလွတ်မြေရိုင်းနှင့် ပလပ်မြေများကို ဖော်ထုတ်ပြီး စိုက်ပျိုးမြေများအဖြစ် ပြောင်းလဲလုပ်ကိုင်နိုင်အောင် ဆောင်ရွက်ကြရန်လည်း မှာကြားလိုကြောင်း။ သို့မှသာ ချင်းပြည်နယ် (မြောက်ပိုင်း) ဒေသ ဆန်ဖူလုံရေးကို ထောက်ကူပေးနိုင်သည့် မြို့နယ်၊ ခရိုင် တစ်ခုဖြစ်လာမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူ အဆင့်ဆင့်အနေနှင့် ကျေးလက်ဒေသများသို့အရောက် ကွင်းဆင်းသွားရောက်ကြပြီး လမ်းပန်း ဆက်သွယ်မှုကောင်းမွန်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေးစသည့် နည်းလမ်းများကို ရှာဖွေဆောင်ရွက်ပေးကြပြီး ဒေသဖွံ့ဖြိုး ရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ကလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာတင်ထွန်းနှင့် ဆရာဝန်များ၊ သူနာပြုများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် တိုးချဲ့နှစ်ထပ်လူနာဆောင်ဆောက်လုပ်မည့် မြေနေရာကိုလည်းကောင်း၊ ဆောက်လုပ်ပြီးစီးသွားသော နှစ်ထပ်ခွဲစိတ်ဆောင်၌ ခွဲစိတ်ခန်းသုံး ကိရိယာများတပ်ဆင်ထားရှိမှု၊ သားဖွားခန်းသုံး ခွဲစိတ်ကိရိယာများ တပ်ဆင်ထားရှိမှု တို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာတင်ထွန်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် အထူးကြပ်မတ်ကုသဆောင်(ICU) ခန်းကိုလည်းကောင်း၊ မျက်စိစမ်းသပ်ခန်း၊ သွားကုသခန်းတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိများအား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ကလေးမြို့ပြည်သူ့ဆေးရုံကြီးနှင့်ဝန်ထမ်းအိမ်ရာကို ဖြတ်ကူးရန် တည်ဆောက်ထားသည့် အရှည် ၇၂ပေ၊ အကျယ် ၁၈ပေရှိ ဥပုဒ်ချောင်းကူး ဘေလီတံတားကိုလည်းကောင်း၊ ပြည်သူထည့်ဝင်ငွေဖြင့် ဆောက်လုပ်ထားသည့် နှစ်ထပ်သံဃာဆောင်ကိုလည်း ကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့်အဖွဲ့သည် ကလေးမြို့မှ ကလေး-ကလေးဝကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ မွန်းတည့် ၁၂နာရီတွင် ကလေး-ကလေးဝကားလမ်းပေါ်ရှိ မြစ်သာတံတား(ကလေးဝ)တည်ဆောက်ရေး စီမံကိန်းသို့ရောက်ရှိကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့အား စစ်ကိုင်းတိုင်းအင်ဂျင်နီယာမှူးကြီး ဦးကြည်ထွန်းက မြစ်သာတံတား (ကလေးဝ) တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးပြီး အချောသတ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ကလေး-မော်လိုက် လမ်းဖောက်လုပ်ရေးတာဝန်ခံ ဗိုလ်မှူး အောင်ဌေးက ကလေးဝ-မော်လိုက်လမ်းအရှည် ၃၆မိုင်ကို ပေ ၄၀အကျယ် မြေသားလမ်းချဲ့ထွင်ပြီးစီးမှု၊ လမ်းပိုင်းရှိ ရေပြွန်၊ ရေကျော်၊ သစ်သားတံတားများ ဆောက်လုပ်မည့်အစီအစဉ်၊ စက်ယာဉ်ယန္တရားများအခြေအနေနှင့် ကျောက် စုဆောင်းရရှိမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေးတို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ဖြတ်သန်းကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ကလေးဝ-မော်လိုက် လမ်းပိုင်းကလေးဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူ လုပ်ကိုင်နေသည့် ကျောက်ခင်းခြင်း လုပ်ငန်းများကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်း ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ကလေးဝ-မော်လိုက် လမ်းမိုင်တိုင် တစ်မိုင်ခုနစ်ဖာလုံ၌ ရေကျော်နေရာတွင် တံတားဆောက်ရန် စီစဉ်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ကလေးဝ-မော်လိုက်ကားလမ်းသည် အရှည် ၃၆မိုင်ရှိပြီး မူလ လမ်းဟောင်းကို ပေ ၄၀အကျယ် ချဲ့ထွင်ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ကလေးဝဘက်မှ ၁၈မိုင်နှင့် မော်လိုက်ဘက်မှ ၁၈မိုင်အနက် ကိုးမိုင် နှစ်ဖာလုံ ချဲ့ထွင်ပြီးစီးပြီဖြစ်ရာ ကျန်ရှစ်မိုင် ခြောက်ဖာလုံ မကြာမီ ပြီးစီးရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။ ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မော်လိုက်ဘက်မှ မြစ်သာတံတား (ကလေးဝ)သို့ ဝင်ရောက်မည့် လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မြစ်သာတံတား (ကလေးဝ)သို့ သွားရောက်ပြီး တံတားထိပ်မှ ကလေးဝ-မော်လိုက်လမ်းပိုင်း တံတားချဉ်းကပ်လမ်းကို စက်ယန္တရားများဖြင့် ဖောက်လုပ်နေမှုအား ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ကလေးမြို့မှပြန်လည်ထွက်ခွာ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မြစ်သာတံတား (ကလေးဝ) ချဉ်းကပ်လမ်းမြေထိန်းနံရံအား ကွန်ကရစ်ဘလောက်တုံးများဖြင့် ဆောက်လုပ်နေမှုကို လည်းကောင်း၊ တံတားကြီး၏ ပင်မကြိုး (Main Cable) နှင့် သံပန်းနံရံကပ်ဆင်နေမှုကို လည်းကောင်း၊ ပင်မတံတားပေါ်၌ နိုင်လွန်ကတ္တရာခင်းနေမှုကိုလည်းကောင်း၊ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ ဆက်လက်၍ မုံရွာဘက်ကမ်း ချဉ်းကပ်လမ်း ဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ကလေးမြို့သို့ ပြန်လည် ထွက်ခွာခဲ့ကြသည်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

နိုင်ငံတော်၏စီးပွားဖွံ့ဖြိုးတိုးတက်မှုတွင် ပို့ဆောင်ရေးကဏ္ဍသည် အဓိက ကျသည့်လုပ်ငန်းဖြစ်ပြီး နိုင်ငံထုတ်ကုန်သွင်းကုန်၏ ရာနှုန်းပြည့်နီးပါးကို သယ်ယူပို့ဆောင်ပေးနေသည့် ပင်လယ်ရေကြောင်းပို့ဆောင်မှုလုပ်ငန်းသည် အထူးအရေးပါသည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပင်လယ်ရေကြောင်းပို့ဆောင်ရေးတွင် အကြီးဆုံးနှင့် အဓိကအကျဆုံးမှာ ရန်ကုန်ဆိပ်ကမ်းပင်ဖြစ်သည်။

၁၉၈၈ ခုနှစ်နောက်ပိုင်း ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးချိန်မှစ၍ ပင်လယ်ရေကြောင်းပို့ကုန်သွင်းကုန်များကို နိုင်နင်းစွာကိုင်တွယ်သွားနိုင်ရန် အတွက် နိုင်ငံတော်တွင် ခေတ်မီဆိပ်ကမ်းများ တည်ဆောက်ရန် လိုအပ်လာခဲ့ရာ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ပြည်တွင်းပြည်ပမှ စီးပွားရေးအဖွဲ့အစည်းများနှင့် အကျိုးတူပူးပေါင်း၍ ဆိပ်ကမ်းဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ခဲ့သည့် အလျောက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် စင်ကာပူနိုင်ငံ Allied Container Services Pte.,Ltd. တို့ အကျိုးတူဖက်စပ်လုပ်ငန်းဖြစ်သော ဗိုလ်တထောင်အမှတ်(၁)ကုန်းတွင်း ကုန်သေတ္တာစခန်း၊ တည်ဆောက်လုပ်ကိုင်လွှဲပြောင်း(Build, Operate and Transfer-BOT) စနစ်ဖြင့် ဆောင်ရွက်ခဲ့သည့် Myanmar Integrated Port Limited(MIPL) စားအုန်းဆီနှင့် အထွေထွေကုန်စည်တံတား၊ Myanmar International Ter-

Asia World Port Management Co.,Ltd. ၏ အလုံဆိပ်ခံတံတား အမှတ်(၂)နှင့် အမှတ်(၁)တို့တွင် ကုန်တင်လုပ်ငန်းများ ဆောင်ရွက်နေသော နိုင်ငံခြားကုန်တင်သင်္ဘောများနှင့် ကုန်သေတ္တာကွင်း မြင်ကွင်းကျယ်ကို တွေ့ရစဉ်။

ဓာတ်ပုံ-ဇော်ဇော်(အေးရှားဝေါလ်)

minals Thilawa (MITT) ကုန်သေတ္တာတံတား၊ မြန်မာနိုင်ငံသားပိုင် Asia World Port Management Co.,Ltd. အလုံအမှတ်(၂) ဆိပ်ခံတံတားနှင့် အလုံအမှတ်(၁) ဆိပ်ခံတံတား၊ မြန်မာ့အဏ္ဏဝါစွမ်းအားရှင် အုပ်စုကုမ္ပဏီလီမိတက်၏ မြန်မာ့စက်မှုဆိပ်ကမ်း ဆိပ်ခံတံတားများ စသည်တို့မှာ ရန်ကုန်မြစ်ကမ်းနား ဒေသတစ်လျှောက် အသစ်ထပ်မံ ပေါ်ပေါက်လာခဲ့ပြီး ရန်ကုန်ဆိပ်ကမ်း၏ မြင်ကွင်းမှာလည်း တိုးတက်ပြောင်းလဲလာခဲ့သည်။

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ ဆိပ်ကမ်းအာဏာပိုင်၏ စီစဉ်ပေးမှု၊ Asia World Port Management Co.,Ltd. ၏ပံ့ပိုးကူညီမှုတို့ဖြင့် မိမိတို့ သတင်းအဖွဲ့လေ့လာခွင့်ရရှိခဲ့သော အမှတ်(၂)၊ အမှတ်(၁)နှင့် အမှတ်(၃) အလုံဆိပ်ခံတံတားများနှင့် စပ်လျဉ်း၍ ရေးသားတင်ပြလိုပေသည်။

အမှတ်(၂)အလုံ အထွေထွေကုန်စည်ဆိပ်ခံတံတား

မြန်မာနိုင်ငံသားများပိုင် Asia World Port Management Co., Ltd.၏ ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံမှုဖြင့် အမှတ်(၂) အလုံ အထွေထွေကုန်စည် ဆိပ်ခံတံတားတည်ဆောက်ရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် Asia World တို့ ၁၉၉၆ ခုနှစ် ဧပြီ ၂၅ ရက်တွင် သဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့သည်။ ယင်းသဘောတူစာချုပ်အရ Build, Operate and Transfer (BOT) စနစ်ဖြင့် Asia World က ဆိပ်ခံတံတားကို ဆောက်လုပ်ပြီး ဆိပ်ကမ်းလုပ်ငန်းများကို ၂၅ နှစ်ကြာ လုပ်ကိုင်ဆောင်ရွက်သွားရမည်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ လေးသန်းခန့်နှင့် ပြည်တွင်းသုံးငွေကျပ် ၂၇၃ သန်းခန့်ဖြစ်သည်။

ဆိပ်ခံတံတားမှာ အလျား ၁၅၆ မီတာ၊ အကျယ် ၁၉ ဒသမ ၅ မီတာရှိပြီး ကိုးမီတာအကျယ်ရှိ ချဉ်းကပ်တံတားသုံးခု တည်ဆောက်ထားသည်။ အမှတ်(၂)အလုံ အထွေထွေကုန်စည်ဆိပ်ခံတံတားကို ၁၉၉၇ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ခေတ်မီကုန်ကိုင်တွယ်စက်ကိရိယာများ တပ်ဆင်ကာ ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အမှတ်(၁)အလုံ အထွေထွေကုန်စည်နှင့်ကုန်သေတ္တာတံတား

Asia World Port Management Co., Ltd. သည် ဆက်လက်၍ အမှတ်(၁) အလုံ အထွေထွေကုန်စည်နှင့် ကုန်သေတ္တာတံတားကို BOT စနစ်ဖြင့်ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံမှု တည်ဆောက်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ် မတ် ၁၉ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၁သန်းခန့်နှင့် ပြည်တွင်းသုံးငွေ ကျပ် ၂၃၄၃ ဒသမ ၆ သန်းခန့် ဖြစ်သည်။

ဆိပ်ခံတံတားမှာ အလျား ၁၉၈ မီတာနှင့် အကျယ် ၅၅ မီတာရှိသည်။ နောက်ခံမြေနေရာ ၁၂ ဒသမ ၁၀ ဧကတွင် ကုန်သေတ္တာလွင်ပြင်ကို တည်ဆောက်ထားပြီး ခေတ်မီကုန်ကိုင်တွယ်စက်ကိရိယာများတပ်ဆင်၍ ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများကို လျင်မြန်သွက်လက်စွာ ဆောင်ရွက်ပေးလျက်ရှိသည်။

အမှတ်(၃)အလုံဆိပ်ခံတံတား

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် Asia World Port Management Co., Ltd.တို့သည် ရန်ကုန်ဆိပ်ကမ်း အလုံ ကမ်းနားဒေသတွင် အမှတ်(၃) ဆိပ်ခံတံတားကို BOT စနစ်ဖြင့် တည်ဆောက်၍ ဆိပ်ကမ်းလုပ်ငန်းများ ဆောင်ရွက်ရန် ပဋိညာဉ်စာချုပ်နှင့် မြေငှားစာချုပ်ကို ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းစာချုပ်အရ Asia World က အလျား မီတာ၂၆၀ နှင့် အကျယ် ၅၅ ဒသမ ၅ မီတာရှိ အထွေထွေကုန်စည်နှင့် ကုန်သေတ္တာများကို ကိုင်တွယ်ရန် ကွန်ကရစ်ဆိပ်ခံတံတားကို တည်ဆောက်လျက်ရှိသည်။ စီမံကိန်းတစ်ခုလုံးအတွက် ခန့်မှန်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၈ သန်းခန့်နှင့် ပြည်တွင်းသုံးငွေ ကျပ် သန်း ၁၄၂၀ ခန့်ဖြစ်သည်။ စီမံကိန်းတစ်ခုလုံးအတွက် သဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးချိန်မှ ၅၄ လအတွင်း အပြီးအကောင်အထည်ဖော် တည်ဆောက်သွားရမည်ဖြစ်သည်။

ယခုအခါ အမှတ်(၃)အလုံဆိပ်ခံတံတားတည်ဆောက်ရေး စီမံကိန်းပါ တည်ဆောက်ရေးလုပ်ငန်းများဖြစ်သည့် ကုန်းတွင်းပိုင်းအမာခံလွင်ပြင် တည်ဆောက်ခြင်းလုပ်ငန်း၊ ချဉ်းကပ်တံတားတည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေပိုင်းပိုင်တိုင်ရိုက်သွင်းရေးလုပ်ငန်းများ ပြီးစီးနေပြီဖြစ်ပြီး ဆိပ်ခံတံတား တည်ဆောက်မှုလုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် တည်ဆောက်မှုလုပ်ငန်းများကို အားတက်သရော ဆက်လက်ဆောင်ရွက်နေပါကြောင်း လေ့လာတွေ့ရှိ တင်ပြအပ်ပါသည်။ ။ **(မြန်မာ့အလင်း)**

အလုံဆိပ်ခံတံတား အမှတ်(၂)တွင် ဆိုက်ကပ်၍ ကုန်သေတ္တာများ တင်ဆောင်နေသော နိုင်ငံခြားကုန်သင်္ဘောတစ်စင်းကို တွေ့ရစဉ်။

ဓာတ်ပုံ-ဇော်ဇော်(အေးရှားဝေါလ်)

မိုးကုတ်ဝိပဿနာတရားပွဲ

ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်း မော်ဘီမြို့နယ် စိန်ရွှေကုန်းတောရမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကြီးတွင် ဇွန် ၄ရက်မှ၁၅ရက်အထိ၊ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် နတ်မောက်လမ်း အမှတ် ၈၂ မိုးကုတ် ဓမ္မရိပ်သာအဖွဲ့ချုပ်ကြီးတွင် ဇွန်၂၀မှ ၂၉ရက်အထိ ၁၀ရက်တရားစခန်းများ ဖွင့်လှစ်မည်ဖြစ်ရာ တာမွေမြို့နယ် မာန်အောင်ရပ်ကွက်မိုးကုတ်ဝိပဿနာ အေးရိပ်သာကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ရွှေမန်း ဦးသူရိယ(ကမ္မဋ္ဌာနာစရိယ)ဓမ္မကထိက ဗဟုဇနဟိတဓရအရှင်သူမြတ်က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

ဆေးငွေပဒေသာပင် ငွေကျပ်နှစ်သိန်းလှူဒါန်း

ရန်ကုန် မေ ၂၄

ရန်ကုန်မြို့ သုဝဏ္ဏ ကျွန်းရွှေမြိုင်လမ်းနေ မိခင်ကြီးဒေါ်ခင်ညွန့်အား အမှူးထား၍ သားသမီးမြေးမြစ်တစ်စုတို့က စံပြဆေးရုံကြီး(သဃ်န်းကျွန်း)သို့ မေ ၂၂ ရက်က ဆေးငွေပဒေသာပင်အတွက် ငွေကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်ကြီးက လက်ခံရယူသည်။**(အပေါ်ပုံ)**

အလားတူ ကျောက်တန်းမြို့ အသောကရာမပရိယတ္တိစာသင်တိုက်ကျောင်းထိုင်ဆရာတော်ဦးဝိလာသကလည်း မယ်တော်ကြီးဒေါ်ခင်ညွန့်အား အမှူးထား၍ လူနာများအတွက် အာဟာရကျွေးမွေးနိုင်ရန် ငွေကျပ်တစ်သောင်းငါးထောင်ကိုလည်း လှူဒါန်းကြောင်း သိရသည်။ **(က-ပ)**

ညှော်လမ်းညွှန်လိုင်စင် လဲလှယ်ပေးမည်

ရန်ကုန် မေ ၂၄

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသော ဧည့်လမ်းညွှန်လိုင်စင် ရင်ထိုးကတ်ပြားအသေးများကို ပြင်ဆင်ဆောင်ရွက်ထားပြီး ဖြစ်သည်။ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသူများအနေဖြင့် ဧည့်လမ်းညွှန်လိုင်စင်ကတ်ပြား နှစ်ခုနှင့်အတူ ရောင်စုံဓာတ်ပုံတစ်ပုံတို့ဖြင့် ဇွန်၁ရက်မှ စတင်၍ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ခရီးသွားလာရေးကြီးကြပ်မှုဌာနခွဲသို့ အမြန်လာရောက်ဆက်သွယ်လဲလှယ်ရန် အကြောင်းကြားနှိုးဆော်ထားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

(သတင်းစဉ်)

ပန်းတနော်မြို့ပေါ်ရှိ စာသင်တိုက်များသို့ ရေချိုငါးပိများလှူဒါန်းပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၄

ပန်းတနော်မြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များသို့ ရေချိုငါးပိများ လှူဒါန်းပွဲအခမ်းအနားကို မေ ၁၈ ရက် နံနက် ၉ နာရီက သာသနာ့ဟိတရာမ ပုခန်းကျောင်းတိုက်တွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်သံဃနာယက အဖွဲ့(သုခမ္မာ)ဥက္ကဋ္ဌ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာမိနှင့်သံဃာတော်များ၊မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်နှင့်ဇနီး ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယက ဒေါ်တင်တင်ဦး၊ မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်တင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးတင်ထွန်းအောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမြင့်ရွှေဦး၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးကိုကိုလွင်နှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအမှုဆောင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌနှင့် မြို့နယ်ဥက္ကဋ္ဌတို့က နှစ်စဉ် ရေချိုငါးပိလှူဒါန်းရခြင်းအကြောင်း လျှောက်ထားပြီး မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ထံ ရေချိုငါးပိများ ဆက်ကပ် လှူဒါန်းသည်။**(အပေါ်ပုံ)** ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် မြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက် ခုနစ်တိုက်နှင့် သီလရှင်စာသင်တိုက် နှစ်တိုက်တို့သို့ သွားရောက်၍ ရဟန်းသာမဏေ၊ သီလရှင် ၄၇၉ပါးတို့အတွက် ငါးပိ ပိဿာချိန် ၅၀၀ကို ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

(က-ပ)

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန်

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းရှိ လက်ရှိတံတားအသုံးပြုခကောက်ခံနေသော အောက်ဖော်ပြပါသန်လျင်တံတား၏ ၂၀၀၄-၂၀၀၅မှ ၂၀၀၆-၂၀၀၇ နှစ်အထိ တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း (၃)နှစ်လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း ချိပ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်-

(က) လေလံတင်ရောင်းချမည့်တံတား
- သန်လျင်တံတား (သာကေတမြို့နယ်)

(ခ) စျေးနှုန်းတင်သွင်းလွှာနှင့် စည်းကမ်းချက်များဝယ်ယူနိုင်သောနေရာ
- မြန်မာ့မီးရထားရုံးချုပ်၊ စီးပွားရေးဌာန၊ တတိယထပ်၊ အခန်းအမှတ်(၄၁၃)

(ဂ) ချိပ်ပိတ်တင်ဒါလေလံတင်သွင်းရမည့် ရက်နှင့်အချိန်
- ၃၁-၅-၂၀၀၄ ရက်နေ့ ၁၀း၀၀ နာရီမှ ၁၂း၀၀ နာရီအထိ

(ဃ) ချိပ်ပိတ်တင်ဒါပေးသွင်းရမည့်နေရာ
- မြန်မာ့မီးရထားရုံးချုပ်၊ အစည်းအဝေးခန်းမ

(င) ချိပ်ပိတ်တင်ဒါ ဖွင့်လှစ်မည့်ရက်စွဲနှင့်အချိန်
- ၃၁-၅-၂၀၀၄ ရက် (တနင်္လာနေ့) ၁၃း၀၀ နာရီ

(စ) ချိပ်ပိတ်တင်ဒါ ဖွင့်လှစ်မည့်နေရာ
- မြန်မာ့မီးရထားရုံးချုပ်၊ အစည်းအဝေးခန်းမ

မှတ်ချက်။ ချိပ်ပိတ်တင်ဒါဝယ်ယူခွင့် တောင်းခံလွှာနှင့် စည်းကမ်းချက်များအား တစ်စုံလျှင် ကျပ်(၅၀၀၀)နှုန်းဖြင့် ရုံးချိန်အတွင်း မြန်မာ့မီးရထားရုံးချုပ်၊ စီးပွားရေးဌာန၊ တတိယထပ်၊ အခန်းအမှတ်(၄၁၃)တွင် ဝယ်ယူနိုင်ပါသည်။

ဥက္ကဋ္ဌ
တံတားအသုံးပြုခွင့်လိုင်စင် လေလံတင်ရောင်းချရေးကြီးကြပ်အဖွဲ့
ရန်ကုန်တိုင်း

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကုန်စည်ပြပွဲတက်ရောက်ရန် တရုတ်သို့ထွက်ခွာ

ရန်ကုန် မေ ၂၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဇီချွမ်းပြည်နယ် ချန်ဒူးမြို့တွင်ကျင်းပမည့် ပဋ္ဌမအကြိမ် တရုတ်ပြည်အနောက်ပိုင်းအပြည်ပြည်ဆိုင်ရာ စီးပွားရေး ကုန်စည်ပြပွဲသို့တက်ရောက်ရန် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့မွန်းလွဲပိုင်းက တရုတ်လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးယာယီတာဝန်ခံ သံမှူး Mr.Yu Boren၊ စီးပွားရေးသံမှူးကြီး Mr.Tang Haiနှင့် သမဝါယမဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ အကြီးအကဲများ၊ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဝန်ကြီးနှင့်အတူ အဖွဲ့ဝင်များအဖြစ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးဦးကျော်လှိုင်၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးမြတ်ထွန်းကျော်၊ Exo gift အမှတ်တရပစ္စည်းအရောင်းဆိုင်ဥက္ကဋ္ဌ ဦးအေးမင်းဦးတို့ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ဒူး ကုန်စည်ပြပွဲသို့ တက်ရောက်မည့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သမဝါယမ)

အလိုရှိသည်(ပြည်တွင်း၌သာခန့်ထားရန်)

(၁)	**အင်ဂျင်နီယာ**	– G.T.I., E.T.E.C (Civil) တိုက်ဆောက်ခြင်းအတွေ့အကြုံ (အစမှအဆုံးအထိ) (၃)နှစ်ခန့် ကျွမ်းကျင်စွာ ပါဝင်ဆောင်ရွက်ဖူးရမည်။ (အသက် ၄၀ နှစ်အောက်)	**ကျား (၃)ဦး**
(၂)	**ရုံးဝန်ထမ်း**	– ရုံးလုပ်ငန်းဆောင်ရွက်ရန် သိပ္ပံဘွဲ့ရ၊ စီးပွားရေးပညာဘွဲ့ရ ဖြစ်ရမည်။ (အသက် ၃၅ နှစ်အောက်)	**ကျား (၂)ဦး**
(၃)	**စတိုဝန်ထမ်း**	– စတိုလုပ်ငန်းကျွမ်းကျင်သူ ၁၀တန်းအောင် (သိပ္ပံ)/သိပ္ပံဘွဲ့ရ ဖြစ်ရမည်။ (အသက် ၄၀ နှစ်အောက်)	**ကျား (၂)ဦး**
(၄)	**စက်ပစ္စည်းပြုပြင်ထိန်းသိမ်းရေးဝန်ထမ်း**	– စက်ပစ္စည်းပြုပြင်ထိန်းသိမ်းရေး ကျွမ်းကျင်သူ (အသက် ၄၀ နှစ်အောက်)	**ကျား (၂)ဦး**
(၅)	**ကားမောင်း**	– ကားမောင်းကျွမ်းကျင်သူ (အိမ်ကားမောင်းရန်/ အသက်၄၀နှင့် ၅၀ကြား)	**ကျား (၁)ဦး**

- အထက်ပါအလုပ်အကိုင်လျှောက်ထားသူများသည် ကျန်းမာသန်စွမ်းရမည်၊
- အကျင့်စာရိတ္တကောင်းမွန်ရမည်။ (ရဲစခန်းနှင့် ရပ်ကွက်ရုံးထောက်ခံစာပါရမည်) အမှတ် ၂၀၁၊ ရွှေဘုံသာလမ်း၊ (ပ)ထပ်(ယာ)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၄၂၂၈၇၊ ၃၇၉၂၃၆

နံနက် (၁၀း၀၀)နာရီမှ ညနေ (၄း၀၀)နာရီအထိ သုံးရက်အတွင်း ဓာတ်ပုံနှစ်ပုံ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်အတူ ဆက်သွယ်ရန်ဖြစ်ပါသည်။



ရေကူးပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၄

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ တံခွန်စိုက်အမျိုးသား၊ အမျိုးသမီး သက်တန်းအလိုက် ရေကူးပြိုင်ပွဲကို မေ ၂၉ နှင့် ၃၀ ရက် မွန်းလွဲ ၂ နာရီအစား ညနေ ၄ နာရီမှ စတင်၍ ကျင်းပမည်ဖြစ်ကြောင်း ထပ်မံသတင်းရရှိသည်။ **(မြန်မာ့အလင်း)**

သက်ဆိုင်သူအားလုံးသိစေရန်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ် ၁၀ နေ ဦးကျော်အောင်သူ MYGN-၀၁၈၅၈၂ နှင့် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ ကျောက်မြောင်းလမ်း၊ အမှတ် ၇၀ နေ ဒေါ်ချယ်ရီကျော် ၁၂/တမန(နိုင်)၀၄၃၅၃၆ တို့သည် ၇-၄-၂၀၀၄ ရက် နေ့စွဲပါ နှစ်ဦးသဘောတူ အကြင်လင်မယား ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ဖြင့် အသိသက်သေများရှေ့တွင် အကြင်လင်မယားအဖြစ် ကွာရှင်းပြတ်စဲပြီး ဖြစ်ပါသည်။ သို့ပါ၍ ဒေါ်ချယ်ရီကျော် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင်နှင့် ၎င်း၏ ဂုဏ်သိက္ခာ ညှိုးနွမ်းအောင် နှောင့်ယှက်ဟန့်တားမှုများ ဆက်လက်မပြုလုပ်ရန် သတိပေးလိုက်သည်။ အကယ်၍ သတိပေးမှုကို လိုက်နာမှုမရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးတားမြစ်လိုက်သည်။

ဒေါ်ချယ်ရီကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ

ဦးတင်ယု(ဆကာကြီး)H.G.P စဥ်-၈၂၉၃၊ အထက်တန်းရှေ့နေကြီး အမှတ်၁၉/၄၃၊ဗိုလ်ဆွန်ပက်လမ်း(အောက်)၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့၊ဖုန်း-၂၅၂၀၁၄။

ဟာသဂျာနယ် အတွဲ(၂)၊ အမှတ်(၄၂)ဖြန့်ချိ

ရန်ကုန် မေ ၂၄

ရွှေမင်းသား၏ မျက်နှာဖုံးကာတွန်းနှင့် ဆရာပြည့်စုံ (သွေးသောက်)၊ ဆရာသာဂဒိုး၊ မြေဇာ၊ ကာတွန်း မြင့်စိုးလေး၊ မောင်ရဲလူ၊မောင်ဝေဟင်၊ ဆြာကြီးထိန်၊ မုဒုံသုမွန်၊လေရူး၊မာန်သွေးသစ်မင်း၊ဇေရယ်၊ တစ်ကောင်ဘွား (ညောင်ရမ်း)၊ ကျော်ဖြိုးလွင်၊ သန်းထွန်းဇော်၊ ရဲမြဝင်း၊ သူရထိုက်၊ ကျော်ဇောဟိန်း(ဒေါပုံ)၊ကိုအောင်ငွေသိမ်း တို့၏ ဟာသအတွေးအရေးနှင့် ဟာသရုပ်ရှင်သဘင်ရသများကို စုစည်းဖော်ပြထားသော "ဟာသ"ဂျာနယ် အတွဲ(၂)၊အမှတ်(၄၂) ကို ဝါမိုးအောင်စာပေ အမှတ် ၅၂၉ ကုန်သည်လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရသည်။

(က-ပ)

မိုနာကိုနှင့်ပေါ်တိုတို့ အပြိုင်လုကြတော့မည့် ချန်ပီယံလိဂ်ဖလား

ဟိန်းသန့်

ရန်ကုန် မေ ၂၄

ဥရောပကလပ်အသင်းများအတွက် အမြင့်ဆုံးပြိုင်ပွဲဖြစ်သော ချန်ပီယံလိဂ်ပြိုင်ပွဲဗိုလ်လုပွဲကို မေ၂၆ ရက်၌ ကျင်းပတော့မည်ဖြစ်သည်။ ဗိုလ်လုကြမည့်နှစ်သင်းက ပေါ်တူဂီမှ ပေါ်တိုအသင်းနှင့် ပြင်သစ်မှ မိုနာကိုအသင်း။ ဗိုလ်လုပွဲကျင်းပမည့် နေရာမှာ ဂျာမနီနိုင်ငံ ရှော့ကဲ-၀၄ အသင်း၏ ကွင်းဖြစ်သော ဂယ်လ်ဆန်ကာချန်အမည်ရ အားကစားပြိုင်ကွင်းကြီး၌ဖြစ်သည်။ တစ်ပွဲတည်းနှင့်အနိုင်အရှုံးအဖြေထုတ်ပေးမည့် အဆိုပါဗိုလ်လုပွဲအတွက် ပေါ်တိုနှင့်မိုနာကိုနှစ်သင်းစလုံး ပြင်ဆင်မှုအပြည့်ဖြင့် ယှဉ်ပြိုင်ရန် အသင့်ဖြစ်နေကြပြီဟုထင်သည်။ ချန်ပီယံလိဂ်ဖလား မည်သည့်မြေဆီ အလည်သွားမည်နည်း။ ပေါ်တူဂီမြေလား၊ ပြင်သစ်မြေလား။

သည်နှစ်ချန်ပီယံလိဂ်မှာ ဗိုလ်လုပွဲအဆင့်သို့ရောက်နေသော်လည်း ယခင်ရာသီများနှင့်မတူ ပရိသတ်စိတ်ဝင်စားမှုအတိုင်းအတာမှာ ခပ်လျော့လျော့ဖြစ်နေသည်။ ဗိုလ်လုပွဲကစားကြမည့် အသင်းနှစ်သင်းကလည်း ချန်ပီယံလိဂ်ဗိုလ်လုပွဲနှင့် ခပ်စိမ်းစိမ်းအသင်းမျိုးများဖြစ်နေသည်။ ပေါ်တိုမှာ ၁၉၈၇ခုနှစ်က ချန်ပီယံလိဂ်၌ ဗိုလ်စွဲခဲ့ဖူးသော်လည်း နောက်ပိုင်းကာလများတွင် ချန်ပီယံလိဂ်ပွဲများကြား အောက်ပိုင်းအဆင့်များလောက်တွင်သာ တဝဲလည်လည်ဖြစ်နေသည့်အသင်းဖြစ်သည်။ မိုနာကိုဆိုလျှင် ပို၍ဆိုးသည်။ ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ ယခုမှ ပထမဦးဆုံး ရောက်ဖူးသည့်အသင်းဖြစ်ရာ ပရိသတ်များအနေဖြင့်

အက်ဖ်စီပေါ်တိုအသင်းမှ ဒီကို (ဝဲ)နှင့် ဒီပို့တီပိုအသင်းမှ ဇစ်တာတို့ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ဒုတိယအကျော့တွင် ဘောလုံးကို အကြိတ်အနယ်ယှဉ်လုနေကြစဉ်။

ဗိုလ်လုပွဲနွှဲမည့် ထိုနှစ်သင်းကို သိပ်ပြီးမရင်းနှီးလှသည်ကိုလည်း သိပ်အပြစ်တင်စရာတော့ မရှိလှပေ။

သို့ရာတွင် သည်နှစ်သင်း၏ သည်ရာသီ၌ စွမ်းဆောင်ခဲ့ပုံများကို လေ့လာကြည့်လျှင် နှစ်သင်း၏ ခြေစွမ်းခြေစများကိုလည်း လျှော့တွက်၍မရကြောင်း ပေါ်လွင်စေမည်ဖြစ်သည်။ နှစ်သင်းစလုံး ဗိုလ်လုပွဲလာရာလမ်းခရီး၌ ချန်ပီယံလိဂ်၌ ဗိုလ်စွဲလိမ့်မည်ဟု ရေပန်းစားနေသော ပရိသတ်အကြိုက်အသင်းကြီးများကို ဖြိုချခဲ့ကြသည်။ အစပိုင်း၌ မရဲတရဲလှမ်းခဲ့ကြသော ခြေလှမ်းများမှာ ပန်းတိုင်နားနီးလေ ပိုပြီးခိုင်မာလာလေ ဖြစ်လာကြသည်။ တဖြည်းဖြည်းဖြင့် အသင်းသားများကြား ယုံကြည်မှု စိတ်ဓာတ်များပိုပြီးခိုင်အောင်းလာကြသည်။ ထို့ကြောင့် ယခုဗိုလ်လုပွဲ ကစားကြမည့်အချိန်၌ ထိုစိတ်ဓာတ်မျိုးကို အရင်းတည်၍ နှစ်သင်းစလုံး အနိုင်မခံ အရှုံးမပေးစတမ်း ယှဉ်ပြိုင်ကြတော့မည်ထင်သည်။

သည်ရာသီ၌ ပေါ်တိုအသင်းမှာ လောလောဆယ် ပြည်တွင်းအမှတ်ပေးဖလားတစ်လုံးကို ရထားပြီးဖြစ်သည်။ ဖလားသုံးလုံး လမ်းကြောင်းပေါ်လျှောက်ခဲ့သေးသော်လည်း ပေါ်တူဂီဖလားလုပွဲ၌ ဘင်ဖီကာကို အရေးနိမ့်ခဲ့ရသဖြင့် ဒုတိယမြောက် ဖလားကို လက်လွှတ်ခဲ့ရသည်။ ယခုတစ်ကြိမ်မှာ တတိယမြောက်ဖလားလုရမည့် ပွဲဖြစ်သည်။ ထို့အပြင် ပြီးခဲ့သည့်ရာသီ ယူအီးအက်ဖ်အေဖလားလုပွဲတွင်လည်း ဆဲလ်တစ်ကိုနိုင်ပြီး ချန်ပီယံ ဆုရထားခြင်း၊ မီလန်နှင့် ဥရောပဆူပါဖလားလုပွဲ နွှဲထားခြင်းများကလည်း ပေါ်တိုအသင်းအနေဖြင့် တကယ့်အရေးကြီးသော ဖလားလုပွဲများ ဆက်တိုက်ကစားထားဖူးသည့် အတွေ့အကြုံကောင်းများကို ပိုင်ဆိုင်ထားသည်။ အောင်ပွဲခံဖူးသည့် အရသာ၊ ထိုကဲ့သို့ ဖလားလုပွဲများတွင် ပြိုင်ဘက်ကို မည်သို့ တုံ့ပြန်ရမည်ဟူသော အသိများ၊ ဖလားလုပွဲများ ကစားရင်းက ပေါ်တိုအသင်းနည်းပြနှင့် ကစားသမားများကို ပိုပြီးရင့်ကျက်တည်ငြိမ်နေစေနိုင်သည်။

မိုနာကိုမှာ ပေါ်တိုကဲ့သို့မဟုတ်၊ ပြည်တွင်း ချန်ပီယံဘွဲ့များကိုလည်း လက်လွှတ်လိုက်ရပြီဖြစ်ရာ ယခုချန်ပီယံလိဂ်ဖလားကို နောက်ဆုံးပစ်မှတ်အဖြစ်ထားကာ တိုက်ပွဲဝင်ရတော့မည့်ပုံရှိသည်။ ထို့အပြင် မိုနာကို အသင်းအနေဖြင့် အသင်းသစ်တစ်သင်းကို ပြန်လည်တည်ဆောက်နေဆဲ ကာလမျိုးဖြစ်ရာ ပေါ်တိုအသင်းလောက် ရင့်ကျက်တည်ငြိမ်မှုမျိုး မရှိနိုင်သေးသည့် အချိန်မျိုးဖြစ်နေနိုင်သည်။ ထို့အပြင် သည်ရာသီ၌ အမြင့်ဆုံး ဆုဖလားကြီးကိုဆွတ်ခူးပြနိုင်ရေးဆိုသည့် နောက်ဆုံးမျှော်လင့်ချက်များကလည်း အသင်းသားများ အပေါ်ကျရောက်နေနိုင်ရာ ထိုမျှော်လင့်ချက်များ ရှိသင့်သည်ထက် ပိုရှိခဲ့ပါက အသင်းကို ပြန်ပြီးအခက်တွေ့သွားစေနိုင်သည့် အခြေအနေမျိုးကို ရောက်သွားစေနိုင်သည်။

သည်နှစ်သင်းကို နှိုင်းယှဉ်ကြည့်လိုသည်။ နည်းပြပိုင်းကို နှိုင်းယှဉ်ကြည့်မိသည်။ နည်းပြနှစ်ဦးမှာ လူငယ်များဖြစ်၍ အသင်းအတွက် ဆုံးဖြတ်ချက်များချမှတ်ရာ၌ ရဲတင်းသည်။ ကိုယ်ဖြစ်စေချင်သည့် ပုံစံမျိုးနှင့် အသင်းသားများ တကယ်ကစားသည့်အခါ ဖြစ်ပေါ်နိုင်သည့် အခြေအနေများကို လိုက်ပြီးပြုလွယ်ပြင်လွယ်ကြသည်။ ကစားသမားများနှင့်လည်း ပို၍နီးစပ်မှုရှိကြသည်။ သို့သော် ကွာသွားသည်က အတွေ့အကြုံပိုင်းဖြစ်သည်။ မိုနာကိုနည်းပြဒက်စ်ချန်း၌ ကစားသမားဘဝအတွေ့အကြုံများ ကြွယ်ဝသော်လည်း နည်းပြပိုင်း၌ မော်ရင်ဟိုကိုမမီနိုင်ဟုထင်သည်။ မော်ရင်ဟိုမှာ ပေါ်တိုအသင်းနှင့် ပွဲကြီးပေါင်းမြောက်မြားစွာကို ဖြတ်ကျော်နိုင်ခဲ့ဖူးသူဖြစ်ရာ အသင်းနှင့်ပို၍ တစ်သားတည်းကျနေနိုင်သည်။ ထို့ကြောင့် အသင်းအတွက် နည်းဗျူဟာခင်းကျင်းရာ၌ ဖြတ်သန်းလာသည့် အတွေ့အကြုံများကိုမူတည်ပြီး မော်ရင်ဟိုက ပိုပြီးကျွမ်းကျင်လိမ္မာသည်ကိုတွေ့ရသည်။ ထို့အပြင် ပြိုင်ဘက်အသင်း၏ အနေအထားကို ဖတ်ရှုရာတွင်လည်း မော်ရင်ဟိုကပင် သာနေသည်။

ဂိုးသမားချင်းယှဉ်လိုက်လျှင်မူ အတွေ့အကြုံပိုင်းတွင် မိုနာကို ဂိုးသမားရိုးမားအနေဖြင့် ပေါ်တိုဂိုးသမား ဗစ်တာဘိုင်ယာကို မမီ။ သို့သော်လက်ရှိလက်စွမ်းချင်း ယှဉ်လျှင်မူ တစ်ဦးနှင့်တစ်ဦး သိပ်မကွာလှ။ ဘိုင်ယာမှာ အသက်ကြီးလာ၍ အနည်းငယ်လေးသလိုတော့ ရှိသည်။ သူတို့နှစ်ဦးကို အဆုံးအဖြတ်ပေးမည်က သူတို့ရှေ့မှ ခံစစ်ကြောင်းပင်ဖြစ်သည်။

ခံစစ်ကြောင်းချင်းယှဉ်လျှင်လည်း သိပ်အကွာကြီးတော့ မဟုတ်လှ။ နှစ်သင်းစလုံး၏ ခံစစ်ပိုင်းမှာ အားနည်းချက်များကိုယ်စီ ရှိကြသည်။ သို့သော် ယခုနောက်ပိုင်း ကစားသွားသည့် အနေအထားများအရဆိုရလျှင် ပေါ်တိုခံစစ်က ပိုတည်ငြိမ်သလိုရှိသည်။ မိုနာကို ခံစစ်မှာမူ တစ်ဖက်အသင်းက ဖိအားပေးလာလျှင် အယောင်ယောင်အမှားမှား ဖြစ်လာတတ်သည်။ ပေါ်တိုခံစစ်မှာမူ အမြင့်ဘောများကာကွယ်ရာ၌အားနည်းရာ မိုနာကို၏ တိုက်စစ်ကိုမျိုးစုံကစားတတ်ပုံနှင့်ဆိုလျှင် အခက်တွေ့မည့်ပုံရှိသည်။

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်ကို စတန်းဖို့ဒ်ဘာရစ်ကွင်းတွင်ကျင်းပရာမိုနာကိုအသင်းနှင့်ချယ်လ်ဆီးအသင်းတို့ယှဉ်ပြိုင်သည့်ပွဲ၌ မိုနာကိုအသင်းမှ မိုရီယန်းတေးစ် ဂိုးသွင်းယူနေစဉ်။ (ထိုပွဲတွင် မိုနာကိုနှင့် ချယ်လ်ဆီးအသင်းတို့သည် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေဖြစ်သွားသည်။)

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်တွင် အက်ဖ်စီပေါ်တိုအသင်းမှ ဒီကို(ဝဲ)နှင့်ဒီပို့တီပိုအသင်းမှ မာနျူရယ်ပါဘလိုတို့ ဘောလုံးယှဉ်လုနေကြစဉ်။

ကွင်းလယ်တွင်မူ ပေါ်တိုက အများကြီးသာနေသည်။ ဘောလုံးအဖျက်အတောက်၊ အထိန်းအသိမ်း၊ ပွဲရှိန်အတင်အချ၊ တိုက်စစ်ပုံဖော်မှု အဘက်ဘက်တွင် ပေါ်တိုကို မမီနိုင်ပေ။ ထို့အပြင် ပေါ်တိုကွင်းလယ်သမားများ အနေဖြင့် ပြိုင်ဘက်ကိုလိုက်ပြီး လိုသလိုတုံ့ပြန်တတ်ရာ ယခုပွဲ၌ ကွင်းလယ်တွင် အသာစီးယူထားသည့်အသင်းမှာ ပေါ်တိုဖြစ်ဖို့များနေသည်။

တိုက်စစ်၌မူ မိုနာကို တိုက်စစ်မှူးများက ဂိုးသွင်းပိုကောင်းသလိုရှိနေသည်။ မိုရီယန်းတေးစ်၊ ပရိဆိုနွန်ဒါ၊ ဂူလီစသူတို့မှာ အခွင့်အရေးရလျှင်ရသလို ဂိုးအဖြစ်ဖန်တီးနိုင်ကြသည်။ သို့သော် မိုရီယန်းတေးစ် ဗိုလ်လုပွဲကစားရေး ယခုချိန်ထိမရေရာသေးရာ မိုနာကိုတိုက်စစ်အတွက် အပိုင်တွက်၍ မရသေးဟု ဆိုရမည်ဖြစ်သည်။ ပေါ်တိုတိုက်စစ်မှာမူ ဘရာဇီးသမားများဖြစ်နေ၍ ကျွမ်းကျင်မှုအပိုင်းတွင် ပြည့်ဝသည်။ သို့သော် ဂိုးသွင်းတိကျသေသပ်မှုအပိုင်း၌ လိုနေကြသေးသည်။ သို့ရာတွင် ပေါ်တိုအသင်းအနေဖြင့် ဂိုးတစ်ဂိုး ရရေးအတွက် စိတ်ရှည်လက်ရှည် ချောင်းကစားတတ်သည့် အသင်းမျိုးဖြစ်ရာ မိုနာကိုတို့ သတိကြီးကြီးနှင့် ထိန်းကစားရမည့်အနေအထားများ ရှိနေသည်။

အထူးသဖြင့် မိုနာကိုအသင်းမှာ ပွဲအစပိုင်း၌ အထလေးတတ်ရာ ထိုအချက်ကို ပေါ်တို အခွင့်ကောင်းယူကာ ပွဲအစ တိုက်စစ်ဖွင့်ကစားလိမ့်မည်ထင်သည်။ ပွဲအစအနေအထားကို ကြည့်ပြီးမှ မိုနာကိုတို့ပွဲကို ပြန်ထိန်းချုပ်ကစားရန်များနေရာ မိုနာကိုတို့ အနေဖြင့် ပွဲအစပိုင်းကိုသတိထား၍ ထိန်းကစားသွားလိမ့်မည်ထင်သည်။ ပွဲအစပိုင်းကိုသာ မိုနာကိုတို့ ထိန်းချုပ်ထားနိုင်ပြီဆိုလျှင် ပွဲမှာနောက်ပိုင်း၌ ပိုအေးသွားနိုင်ပြီး မိုနာကိုအတွက် အခွင့်အရေးပိုကောင်းသွားနိုင်သည့် အနေအထားဖြစ်သည်။ ပေါ်တိုတို့အနေဖြင့် ယခုပွဲ၌ တိုက်စစ်ကို ဖွင့်ကစားပြီး ဂိုးစောစောသွင်းမိပါက ပို၍ပင် အခက်တွေ့သွားနိုင်သည်ဟုထင်သည်။ပေါ်တိုတို့အနေဖြင့် မန်ယူနှင့်ဒုတိယအကျော့၊ ဒီပို့တီပို အသင်းများနှင့် ကစားသွားသကဲ့သို့ ခံစစ်ပိုင်းကို သတိထားပြီး ပွဲကို ထိန်းကစားနိုင်မှသာ မိုနာကိုကို ကျော်လွှားနိုင်လိမ့်မည် ထင်သည်။ သည်ဗိုလ်လုပွဲ၌ အနိုင်ရမည့် အသင်းအဖြစ် ပေါ်တိုကိုသာ ရွေးထားမိလိုက်ပါသည်။ ။

(မြန်မာ့အလင်း)

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် တိုင်းအဆင့်ကွန်ပျူတာ ပန်းချီပြိုင်ပွဲကိုကြည့်ရှုအားပေးစဉ်။ (ရန်ကုန်တိုင်း)

ဂုဏ်ပြုလွှာချီးမြှင့်

မေ ၁၉ရက်က ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်းကျောင်း၌ တည်ဆောက်ဆဲ မွေ့သဘာကျောင်းတော်ကြီး၏ အမိုးအတွက် တာမွေလေး ရွှေဇင်ယော်ကြေးအိုး သမီး မသူဇာ မောင်နှမတစ်စုနှင့် ဘုရင့်နောင် ဇေယျာသီရိပွဲရုံ ဒေါ်ငွေး၊ သမီး ယဉ်ယဉ်ကြည်တို့က အလှူတော်ငွေ ကျပ်တစ်သိန်းကို လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသီရိလင်္ကာရက ဂုဏ်ပြုလွှာချီးမြှင့်စဉ်။ (က-ပ)

ကြည့်ရှုစစ်ဆေး

မေ ၂၂ ရက်က အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မွန်ပြည်နယ် ဘီးလင်းမြို့ မြန်မာ့စားသောက်ကုန်လုပ်ငန်း သကြားစက်ရုံ (ဘီးလင်း)၏ စက်များအကြီးစားပြင်ဆင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ တိုင်းအဆင့်ကွန်ပျူတာပန်းချီပြိုင်ပွဲ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေတက်ရောက်အားပေး

ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်းမူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၀၄ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် တိုင်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို မေ ၂၂ ရက် နံနက် ၉ နာရီက လှိုင်မြို့နယ် ပါရမီလမ်းရှိ ကွန်ပျူတာတက္ကသိုလ်၌ကျင်းပရာ ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်သည်။

ရှင်းလင်းပြသ

ရှေးဦးစွာ ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ရန်ကုန်တိုင်းအတွင်းရှိ အခြေခံကျောင်းများမှ ကျောင်းသားကျောင်းသူများက မူးယစ် ဆန့်ကျင်အောင်ပွဲဆင်၊စိတ်ထားကြံ့ခိုင် ပန်းတိုင်ချီတက် အောင်ပွဲဆက်နှင့် ပြုစုကုသအောင်ပွဲရ မူးယစ်ကင်းစင်ဘဝ (Treat Ment Works)ဟူသည့် ခေါင်းစဉ်များဖြင့် ၂၀၀၄ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုအထိမ်းအမှတ် ကွန်ပျူတာ ပန်းချီပြိုင်ပွဲဝင်နေမှုအခြေအနေများကိုကြည့်ရှုအားပေးရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်း နှင့် ကွန်ပျူတာတက္ကသိုလ်မှပါမောက္ခဦးမြသိန်းတို့ကကွန်ပျူတာပန်းချီပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြသသည်။

ထို့နောက် ကွန်ပျူတာတက္ကသိုလ်အစည်းအဝေးခန်းမ၌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့အား ကွန်ပျူတာ တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာနီလာသိန်းက ကွန်ပျူတာ ပန်းချီပြိုင်ပွဲနှင့် ပတ်သက်၍ ကျောင်းသား ကျောင်းသူများ၏ ပြိုင်ပွဲဝင်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပါဝင်ယှဉ်ပြိုင်

ယနေ့ကျင်းပသည့် ၂၀၀၄ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်းဆင့်ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူ ခြောက်ဦးနှင့် အလယ်တန်းဆင့် ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူရှစ်ဦး စုစုပေါင်း၁၄ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



မြစ်သာတံတား(ကလေးဝ)တည်ဆောက်ရေးလုပ်ငန်း ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် မေ ၂၁ ရက် နံနက်ပိုင်းက ဆိပ်ဖြူ-ပခုက္ကူလမ်း (ကျွန်းချောင်း-ပခုက္ကူအပိုင်း)ကို ကြည့်ရှုစစ်ဆေး၍ ပခုက္ကူ-မုံရွာလမ်းကိုလည်း လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးပြီး မုံရွာမြို့သို့ ရောက်ရှိသည်။

ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မုံရွာမြို့မှ ကလေးဝမြို့သို့ မော်တော်ယာဉ်များဖြင့်ထွက်ခွာ၍ မြစ်သာတံတား(ကလေးဝ)တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ညနေပိုင်းတွင် ရောက်ရှိပြီး ရှမ်းကမ်းရှိ ချဉ်းကပ် တံတားပေ ၁၁၀၀ကတ္တရာခင်းပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ ချဉ်းကပ်တံတားနှင့်ပင်မတံတားတို့၏ သံကူကွန်ကရစ် ကြမ်းခင်းခင်းခြင်း လုပ်ငန်းအားလုံး ပြီးစီးနေမှု အခြေအနေများကိုလည်းကောင်း၊ပင်မတံတားတွင် သံမဏိ သံပေါင်များနှင့် သံမဏိထိန်းကြိုးများ (Main Cable) တပ်ဆင်ပြီးစီးနေမှုအခြေအနေများနှင့် ပင်မတံတားတွင် တပ်ဆင်ပြီးသော လူသွားလမ်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီးတံတားကြီးပေါ် မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် ကလေးဝဘက်ကမ်းသို့ရောက်ရှိပြီးပင်မတံတားနှင့် ချဉ်းကပ်တံတားများပေါ်တွင် နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းအခြေအနေများကို လည်းကောင်း၊ ကတ္တရာခင်းပြီးနေသော ကလေးဝဘက် ကမ်း ၁၆၂၅ပေရှိ ချဉ်းကပ်လမ်းတို့ကို လည်းကောင်း လုပ်ငန်းခွင်အတွင်း အသေးစိတ် ကြည့်ရှုစစ်ဆေးသည်။

မကြာမီဖွင့်လှစ်မည်

အဆိုပါမြစ်သာတံတား(ကလေးဝ)မှာ အရှည် စုစုပေါင်း ပေ၃၃၂၀ ရှိပြီး လူသွားလမ်းတစ်ဖက်လျှင် လေးပေစီနှင့်ယာဉ်သွားလမ်း အကျယ် ၂၈ပေရှိသည်။ ပင်မတံတားကို သံမဏိကြိုးဆိုင်းသံပေါင်များနှင့် ချဉ်းကပ်တံတားများကို သံကူကွန်ကရစ်ကြမ်းခင်း၊ ရက်မများဖြင့် တည်ဆောက်ထားခြင်းဖြစ်ပြီး လုပ်ငန်းအားလုံး၏ ၉၅ရာခိုင်နှုန်းပြီးစီးလျက်ရှိပြီးမကြာမီ ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

အာရှပစိဖိတ်ဒေသဆိုင်ရာ မြို့တော်ကြီးများ၏ ပြန်ကြားရေးလုပ်ငန်းဆိုင်ရာ ညီလာခံတက်ရန် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းထွက်ခွာ

ရန်ကုန် မေ ၂၄

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ကျင်းပမည့် စတုတ္ထအကြိမ်မြောက် အာရှပစိဖိတ်ဒေသဆိုင်ရာ မြို့တော်ကြီးများ၏ ပြန်ကြားရေးလုပ်ငန်းဆိုင်ရာညီလာခံသို့ တက်ရောက်ရန် မေ၂၁ရက် ညပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းအား အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ အေးမြင့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ သန်းညွန့်၊ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၊ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်၊ တွဲဖက် အတွင်းရေးမှူး ဦးအောင်စိုး၊ သက်ဆိုင်ရာ ဌာနမှူးများ၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများနှင့် မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်ကြသည်။

လိုက်ပါ

မြို့တော်ဝန်နှင့်အတူ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဌာနမှူး ဦးလှမြင့်ဆွေလည်း လိုက်ပါသွားကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို) အလုပ်အမှုဆောင်အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၂၄

မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)အလုပ်အမှုဆောင် အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၀၄) ကို မေ ၁၂ရက်က ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်းရှိ အစည်းအဝေးခန်းမတွင် ကျင်းပရာ ဥက္ကဋ္ဌ ဦးသောင်းဟန်၊ ဒုတိယဥက္ကဋ္ဌ ဦးစောလှိုင်၊ ဦးအောင်သိန်း၊ အတွင်းရေးမှူးဦးသန့်စင်(ပန်းချီလှတင်ထွန်း)နှင့် အမှုဆောင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၀၄ ခုနှစ် နိုဝင်ဘာလအတွင်း သင်းလုံးကျွတ် ပန်းဆယ်မျိုး အနုပညာပြပွဲ တစ်ရပ် ကျင်းပသွားရန် ဆုံးဖြတ်ကြသည်။

ပြပွဲတွင် ကိုယ်ပိုင်ပန်းချီ၊ပန်းပု ပြခန်းများနှင့် ကျန်ပန်းပညာရှင်ပြခန်းများ ပါဝင်ပြသနိုင်ရန် ဖိတ်ခေါ်သွားမည်ဖြစ်သည်။

ပြပွဲနှင့် ပတ်သက်သည့် အသေးစိတ်စည်းကမ်းများကို မကြာမီ ဆက်လက်ထုတ်ပြန် ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန
လသာမြို့နယ် ရန်ကုန်မြို့
သူနာပြုမဟာသိပ္ပံဘွဲ့လွန်သင်တန်းအတွက်
လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ သူနာပြုတက္ကသိုလ် ရန်ကုန်၊ မန္တလေးတို့၌ ဖွင့်လှစ်မည့် သူနာပြုမဟာသိပ္ပံ (M.N.Sc) ဘွဲ့လွန် နှစ်နှစ်သင်တန်းသို့ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ **လိုအပ်သောအရည်အချင်း**

(၁) သူနာပြုသိပ္ပံဘွဲ့သို့မဟုတ် မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီမှ အသိအမှတ်ပြုထားသောအလားတူဘွဲ့ ရရှိထားသူဖြစ်ရမည်။

(၂) သူနာပြုသိပ္ပံဘွဲ့(ပုံမှန်) ရရှိပြီး လျှောက်လွှာပိတ်သည့်ရက်တွင် ခွင့်ရက်မပါ လုပ်သက်သုံးနှစ်ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်း သို့မဟုတ် လျှောက်လွှာပိတ်သည့်ရက်တွင် သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး)ရရှိပြီးနောက် ခွင့်ရက်မပါ လုပ်သက်တစ်နှစ်ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ၆-၈-၂၀၀၄ ရက်နေ့ဖြစ်ပါသည်။

၄။ ဝင်ခွင့်ရေးဖြေစာမေးပွဲ စစ်ဆေးမည့်ရက်မှာ ၉-၉-၂၀၀၄ ရက်နေ့ ဖြစ်ပါသည်။

၅။ ဘွဲ့လွန် သင်တန်းဝင်ခွင့် လျှောက်ထားလိုသူများသည် သူနာပြုမဟာသိပ္ပံဘွဲ့လွန်သင်တန်း ဝင်ခွင့်စာမေးပွဲကြေးကျပ် ၂၀၀ (ကျပ်နှစ်ရာတိတိ)ကို ရန်ကုန်မြို့ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၃)တွင် ဆေးသိပ္ပံပညာဦးစီးဌာန ငွေစာရင်းအမှတ် MD-၀၀၄၄၉၆ သို့ ပေးသွင်းရမည်။

၆။ လျှောက်လွှာတွင် ဖော်ပြပါရှိရမည့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ တိုင်း၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဆေးသိပ္ပံပညာဦးစီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ် ၂၀/၂၀၀၄
(၂၀၀၄ ခုနှစ်၊ မေလ ၁၈ ရက်)
လျှောက်လွှာခေါ်ယူခြင်း

၁။ အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးအတွက် လျှောက်လွှာများ အလိုရှိပါသည်-

ရာထူး	ပညာအရည်အချင်း	လစ်လပ်
အင်ဂျင်နီယာ(စက်မှု)	အီလက်ထရွန်နစ် အင်ဂျင်နီယာဘွဲ့	၁ နေရာ

၂။ **လျှောက်ထားသူသည်-**

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ၁၅-၆-၂၀၀၄ နေ့တွင် အသက် ၃၅ နှစ်(ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်) ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၁၅-၆-၂၀၀၄ နေ့အရောက် ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅ဝ/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေနှုတ်ဖြေစစ်ဆေးမှုအတွက်လေ့လာရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက် အမှတ် ၁/၉၁ ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ **ရန်ကုန်မြို့နှင့်မန္တလေးမြို့များတွင် ရေးဖြေစာမေးပွဲ** စာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၁၅-၆-၂၀၀၄ နေ့အရောက် ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၃-၇-၂၀၀၄ နေ့နှင့် ၄-၇-၂၀၀၄ နေ့များတွင် အရည်အချင်းစစ်ရေးဖြေစာမေးပွဲကျင်းပမည်။ ၁-၇-၂၀၀၄ နေ့မှစ၍ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ဤအဖွဲ့ရုံးတွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်- ၃၇၈၁၆၃ သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

ဝမ်းနည်းကြေကွဲခြင်း
ဦးမောင်မောင်
အသက်(၅၇)နှစ်

မကွေးတက္ကသိုလ် ရူပဗေဒဌာနမှ ပါမောက္ခ(ဌာနမှူး)ဦးမောင်မောင်သည် ၁၇-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပါမောက္ခဒေါ်သက်သက်နှင့်ရူပဗေဒမိသားစု၊
ရေနံချောင်းဒီဂရီကောလိပ်။



မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃က/၇၁၁၃ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊(ရန်ကုန်တိုင်း)။

မော်တော်ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

မော်တော်ဆိုင်ကယ် အမှတ် ယ/၂၉၈၃၅ မော်တော်ဆိုင်ကယ် လက်ဝယ်ရှိသူ ဦးမြတ်မင်း နိုင်ငံသားမှတ်ပုံတင်အမှတ် အိုင်အက်စ်အင်န်-၀၆၂၃၀၇ က မော်တော်ဆိုင်ကယ် မှတ်ပုံတင်ခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ရက် ၃၀အတွင်း ကညန၊ ခရိုင်ရုံး(သန်လျင်)သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး(သန်လျင်)။

အိမ်ငှားမည်

ပေ ၄၀Xပေ ၆၀ မြေပေါ် တစ်ထပ်တိုက်သစ် အိပ်ခန်းသုံးခန်း၊ အိမ်သာရေချိုးခန်း နှစ်ခန်း၊ ရေ၊ မီး၊ ဖုန်း၊ ကားဂိုထောင်။

၂၉၂၊ဗြဟ္မစိုလမ်း၊ ၆ရပ်ကွက်၊တ/ဥက္ကလာ။
ဖုန်း-၀၆၃-၂၃၃၈၁၊ ၅၇၀၆၆၀
(၈း၀၀ နာရီမှ ၁၈း၀၀ နာရီအတွင်း)

အမည်ပြောင်းခြင်း

အဖ ဦးချင်ကောရှင်-အမိ ဒေါ်ကျန်ဟွေဆင်တို့၏ သားအထက(၂)ဗိုလ်တထောင် သူငယ်တန်းမှ မောင်ချိန်ကျားဖာအား မောင်ရဲဝင်းနိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ချိန်ကျားဖာ(ခ)ရဲဝင်းနိုင်။**



သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
ဆားနှင့်အပိုဓာတ်ဆားထုတ်လုပ်ခွင့်လိုင်စင် လျှောက်ထားရန်ကြော်ငြာခြင်း

၁။ ဆားနှင့် အပိုဓာတ်ဆားထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လိုသူများသည် ဆားလုပ်ငန်းဥပဒေအရ ၂၀၀၄-၂၀၀၅ ခုနှစ်အတွက် ဆားနှင့် အပိုဓာတ်ဆားထုတ်လုပ်ခွင့် လိုင်စင်များကို ၂၀၀၄ခုနှစ် ဇူလိုင်လ ၁ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အတွင်း သက်ဆိုင်ရာရုံးခွဲများသို့ တင်ပြတောင်းခံကြရန် လိုအပ်ကြောင်း နှိုးဆော်အပ်ပါသည်။

၂။ စာပိုဒ် (၁)ပါ သတ်မှတ်ရက်အတွင်း လိုင်စင်အသစ် တင်ပြတောင်းခံခြင်းမရှိဘဲ သတ်မှတ်ရက်ထက်ကျော်လွန်ပြီး ၂၀၀၄ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့အတွင်း တောင်းခံလာပါက ဒဏ်ကြေး(ရက်လွန်ကြေး) အဖြစ် တစ်ရက်လျှင် (၁၀ဝိ/-) နှုန်းဖြင့်ပေးဆောင်ရမည် ဖြစ်ပါသည်။ ၂၀၀၄ခုနှစ် နိုဝင်ဘာလ ၁ရက်နေ့နှင့်နောက်ပိုင်း လျှောက်လွှာ တင်ပြလာသူများအား ဆားလုပ်ငန်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားပါမည်။

၃။ လိုင်စင်လျှောက်လွှာပုံစံများကို တစ်စုံလျှင်(၁၀၀ဝိ/-)နှုန်းဖြင့်၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်းမှ သတ်မှတ်ထားသည့် အောက်ပါရုံးခွဲများနှင့် အချိန်မီဆက်သွယ်ရယူနိုင်ပါသည်-

(က) မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေး လုပ်ငန်းအမှတ်(၉၀)ကံဘဲ့လမ်း၊ ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့(ရုံးချုပ်) ဖုန်း-၅၇၇၄၇၀၊ ၅၇၇၄၇၁ — **ရန်ကုန်တိုင်း/ ပဲခူးတိုင်း**

(ခ) မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ၊မွန်ပြည်နယ်/တနင်္သာရီ တိုင်းရုံး၊ ကမ်းနားလမ်း၊ ပန်းဘဲတန်းရပ်ကွက် မော်လမြိုင်မြို့။ ဖုန်း ၀၅၇-၂၄၄၁၂ — **မွန်ပြည်နယ်/ တနင်္သာရီတိုင်း**

(ဂ) မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း တိုင်းမန်နေဂျာ၊ ဧရာဝတီတိုင်းရုံး အမှတ် ၂၈၊ ဗိုလ်တေဇလမ်း၊ ပုသိမ်မြို့။ ဖုန်း ၀၄၂- ၂၄၂၅၀ — **ဧရာဝတီတိုင်း**

(ဃ) မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ၊ အစိုးရရပ်ကွက်၊ ကျောက်ဖြူမြို့နယ်၊ ဖုန်း ကျောက်ဖြူ-၁၉ — **ရခိုင်ပြည်နယ်**

(င) မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း တိုင်းမန်နေဂျာ၊ မြောက်ပိုင်းတိုင်းရုံး ဆားသိုလှောင်ဖြန့်ဖြူးရေးစခန်း၊ အိုးဘိုရပ်၊ စစ်ကိုင်းမြို့။ ဖုန်း-၀၇၂-၂၁၄၆၈ — **(က၊ခ၊ဂ၊ ဃ မှ အပ)**

၄။ လိုင်စင်လျှောက်လွှာများကို ပြည့်စုံစွာဖြည့်စွက်၍ ၂၀၀၄ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့ထက် နောက်မကျစေဘဲ သက်ဆိုင်ရာအပိုဒ်(၃)တွင် ဖော်ပြထားသည့် နေရာများသို့ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိလိုပါက အပိုဒ်(၃)တွင်ဖော်ပြထားသော ရုံးခွဲအသီးသီးနှင့် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး။



ရောင်းမည်

ရန်ကင်း-ပညာဝတီ
ကွန်ဒိုတိုက်ခန်းရောင်းမည်။
ဖုန်း-၆၆၄၈၁၆

အမည်ပြောင်း

အဖဦးဇော်ဒိန်(ခ)ဦးဇော်ဒင် ၁/မကန(နိုင်) ၀၇၈၃၁၁ ၏ သားဖြစ်သူ ဆဋ္ဌမတန်း(င) အထက(၃) မရမ်းကုန်းတွင် ပညာသင်ကြားနေသော မောင်အားဖူဂျင်နီအား မောင်ကျော်ဇင် ဟုပြောင်းလဲခေါ်ပါရန်။

မောင်ကျော်ဇင်။

အမည်ပြောင်း

အဖဦးမိုးမြင့်ဝင်း၁၂/အလန(နိုင်)၀၂၁၆၀၁၏သမီးဖြစ်သူ အထက(၂) စမ်းချောင်း ပဥ္စမတန်း(က)မှ မခက်ဝေမိုးခိုင် အား မဝင်းလဲ့မိုးခိုင်ဟု ပြောင်းလဲ ခေါ်ပါရန်။

မဝင်းလဲ့မိုးခိုင်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ(Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ(Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	14(T) 1/MR(S&T) 2004-2005	Solar Generator 19.8 V,55W	85-Nos
2.	14(T) 2/MR(S&T) 2004-2005	Under Ground Signalling Cable(2.5^{2}mm x 19C) Under Ground Signalling Cable (2.5^{2}mm x 27C)	1500-Meters 1000-Meters
3.	14(T)3/MR(S&T) 2004-2005	Under Ground Communication Cable(9-Pairs)	4500-Meters
4.	14(T)4/MR(S&T) 2004-2005	Glass Fibre Insulation Rail Joint 75 Lbs	100-Sets

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် - ၂၃-၆-၂၀၀၄(ဗုဒ္ဓဟူးနေ့) ၁၂း၀၀နာရီ
ချိပ်ပိတ်တင်ဒါဖွင့်မည့်ရက်နှင့်အချိန် - ၂၃-၆-၂၀၀၄(ဗုဒ္ဓဟူးနေ့) ၁၄း၀၀နာရီ } စဉ် (1,2,3) အတွက်
ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် - ၇-၇-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ၁၂း၀၀နာရီ
ချိပ်ပိတ်တင်ဒါဖွင့်မည့်ရက်နှင့်အချိန် - ၇-၇-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ၁၄း၀၀နာရီ } စဉ် (4) အတွက်

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၀-၅-၂၀၀၄ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် ၅၁လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၁၉၈၂၊ ၂၀၁၅၅၅-လိုင်းခွဲ-၆၀၂၊၆၀၅၊၆၁၂

၂၀၀၄ ခုနှစ် ရွှေတိဂုံစေတီတော်ဓာတ်ပုံပြိုင်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲယှဉ်ပြိုင်ရန်ဖိတ်ခေါ်ခြင်း

ရွှေတိဂုံစေတီတော်ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းနှင့် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့တို့ပူးပေါင်း၍ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများအား မျက်မှောက်ကာလတွင် ဖူးမြော်ကြည်ညိုရသည့် မြင်ကွင်းစုံတို့ကို ဓာတ်ပုံပညာဖြင့် မှတ်တမ်းပြုနိုင်ရန် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို အောက်ပါအတိုင်း ကဏ္ဍများခွဲခြား ကျင်းပသွားမည်ဖြစ်ပါသည်။

ကြည်ညိုဖွယ်အဖုံဖုံ မြတ်ရွှေတိဂုံကဏ္ဍ – ရွှေတိဂုံစေတီတော်မြတ်ကြီးကို မိမိတို့နှစ်သက်ရာရှုထောင့်အမျိုးမျိုးမှ ရိုက်ကူးထားသည့် ဓာတ်ပုံများ။

ရွှေတိဂုံဝန်းကျင် ရှုလေလျှင်ကဏ္ဍ – စေတီတော်ဝတ္တကမြေအတွင်းရှိ စေတီပုထိုး၊ ရုပ်ပွားဆင်းတု၊ တန်ဆောင်းဇရပ်၊ ဓောင်းတန်း၊ ရေတွင်းရေကန်၊သစ်ပင်ပန်းမန်အစရှိသော သာသနိကအဆောက်အအုံ ဝတ္ထုပစ္စည်းများကို ရိုက်ကူးထားသည့် ဓာတ်ပုံများ။

မြတ်ရွှေတိဂုံ ကုသိုလ်စုံကဏ္ဍ – စေတီတော်မြတ်ကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ပွဲတော်များ၊ ရဟန်းခံ ရှင်ပြု အလှူပွဲများ၊ ဝတ်ရွတ်၊ ဆွမ်းတော်ကပ်၊ တံမြက်လှဲ၊ ရောင်တော်ဖွင့် စသည့် ဘာသာရေးဆိုင်ရာ ဆောင်ရွက်မှုများကို ရိုက်ကူးထားသည့် ဓာတ်ပုံများ။

ရိုက်ကူးကာလနှင့် ဓာတ်ပုံအရွယ်အစား – ၁-၁-၂၀၀၃ ရက်မှ ၁၅-၉-၂၀၀၄ ရက်အတွင်း ရိုက်ကူးသည့် ၁၂လက်မ X ၁၈ လက်မအရွယ် ဆေးရောင်စုံဓာတ်ပုံ။

ပေးပို့ရမည့်ဓာတ်ပုံအရေအတွက် – အရေအတွက်အကန့်အသတ်မရှိ။

ဓာတ်ပုံနောက်ဆုံးပေးပို့ရမည့်အချိန် – ၁၅-၉-၂၀၀၄ ရက်၊ ညနေ ၄ နာရီ။

ဆုချီးမြှင့်ခြင်း(တစ်ကဏ္ဍချင်းအတွက်) –
- ပထမဆု ကျပ် ၃၀၀၀၀၀
- ဒုတိယဆု ကျပ် ၂၀၀၀၀၀
- တတိယဆု ကျပ် ၁၀၀၀၀၀
- နှစ်သိမ့်ဆု ငါးဆု ကျပ် ၅၀၀၀၀ စီ

ဓာတ်ပုံပေးပို့ရန်နှင့် ဆက်သွယ်စုံစမ်းရန် – ဂေါပကအဖွဲ့ရုံး၊ ရွှေတိဂုံစေတီတော် ဖုန်း-၂၅၁၈၅၁
မြန်မာနိုင်ငံဓာတ်ပုံအသင်း
အမှတ်(၂၇-၂၉)၊ ၃၅ လမ်း(အောက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၃၇၃၁၆၇

ချိပ်ပိတ်ဈေးနှုန်းလွှာများခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို ဌာနအရောက်ကျပ်ငွေဖြင့် ပေးချေဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	Myanmar Convention Centre အတွက် Sound System & Stage Lighting System များ	1 Lot
၂။	သံချောင်းလုံးများ	၄၂ ဒသမ ၅၂၅ တန်
၃။	ဂဝံကျောက်	၆၅၀ ကျင်း
၄။	ထုံး	၁၇၀၀၀ အိတ်

ချိပ်ပိတ်ဈေးနှုန်းလွှာများကို ၂၈-၅-၂၀၀၄ ရက်နေ့ ၁၆:၀၀ နာရီအချိန် နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဘတ်ဂျက်နှင့် ငွေစာရင်းဌာန ပစ္စည်းဝယ်ယူရောင်းချရေးဌာနစု ဖုန်းအမှတ်-၂၈၂၅၃၄၊ ၂၄၈၁၁၂ လိုင်းခွဲ ၂၃၅ သို့ ရုံးချိန် အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ခန့်ထားရန်)

၁။ ကြီးကြပ်ရေးမှူး (ဘွဲ့ရ) (ကျား) ၂ ဦး၊ (မ) ၂ ဦး

လျှောက်ထားလိုသူများသည် ကိုယ်ရေးမှတ်တမ်းအကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်း အထောက်အထား၊ ရပ်ကွက်ထောက်ခံစာတို့ကို အောက်ပါလိပ်စာအတိုင်း ပေးပို့ရမည်။ နယ်မှ ဖြစ်ရမည်။

လိပ်စာ – အမှတ်(၅၁၉/၅၂၀)၊ အဓိပတိလမ်းသွယ်(၁)
စက်မှုဇုန်(၅)၊ လှိုင်သာယာမြို့။
ဖုန်း – ၇၀၆၅၃၃

လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်း လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွက် လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းကို ၂၀-၇-၂၀၀၄ ရက်တွင် ဖွင့်လှစ်ပါမည်။ သင်တန်းကာလမှာ (၂)နှစ်ဖြစ်ပါသည်။

၂။ ဤသင်တန်းကို ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ပြီး အောက်ဖော်ပြပါ ဝါဏိဇ္ဇဘွဲ့နှင့် စာရင်းကိုင်ပညာဘွဲ့ရစာမေးပွဲကို အောင်မြင်ခဲ့သူများသာ တက်ရောက်ခွင့်ရှိပါသည်။
- (က) ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ၂၀၀၃ ခုနှစ် ဇူလိုင်လတွင် ကျင်းပပြုလုပ်ခဲ့သော ဘွဲ့ရစာမေးပွဲ၊
- (ခ) မုံရွာစီးပွားရေးတက္ကသိုလ်မှ ၂၀၀၃ ခုနှစ်ဇွန်လတွင် ကျင်းပပြုလုပ်ခဲ့သော ဘွဲ့ရစာမေးပွဲ၊

၃။ တက်ရောက်လိုသူများသည် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံ (မြန်မာနိုင်ငံစာရင်းကောင်စီရုံးတွင် တစ်စောင်လျှင် ကျပ် ၂၀/-နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။) ဖြင့်အတွင်းရေးမှူး၊ စာရင်းကိုင်အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေးကော်မတီ၊ မြန်မာနိုင်ငံစာရင်းကောင်စီ၊ အမှတ် ၁/၁၉၊သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့သို့ ၂၇-၅-၂၀၀၄ နေ့မှစတင်၍ ၄-၆-၂၀၀၄ ရက်ထက် နောက်မကျစေဘဲ လျှောက်ထားရမည်။ ရက်လွန်မှ လက်ခံရရှိသည့် လျှောက်လွှာများကို လုံးဝလက်ခံစဉ်းစားလိမ့်မည်မဟုတ်ပါ။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲတင်ပြရမည်။
- (က) အခြေခံပညာအထက်တန်းအောင်လက်မှတ် (မူရင်းနှင့်မိတ္တူ)
- (ခ) ၂၀၀၃ ခုနှစ် ဇူလိုင်လတွင် ကျင်းပခဲ့သော ဝါဏိဇ္ဇဘွဲ့ရစာမေးပွဲနှင့် စာရင်းကိုင်ပညာဘွဲ့ရစာမေးပွဲ(ရန်ကုန်) အောင်မြင်ကြောင်း ဘွဲ့လက်မှတ်/ဘွဲ့လက်မှတ်ယာယီ ထောက်ခံစာ (မူရင်းနှင့်မိတ္တူ)
- (ဂ) ၂၀၀၃ ခုနှစ် ဇွန်လတွင်ကျင်းပခဲ့သော ဝါဏိဇ္ဇဘွဲ့ရ စာမေးပွဲနှင့် စာရင်းကိုင်ပညာ ဘွဲ့ရစာမေးပွဲ(မုံရွာ) အောင်မြင်ကြောင်း ဘွဲ့လက်မှတ်/ဘွဲ့လက်မှတ်ယာယီ ထောက်ခံစာ (မူရင်းနှင့်မိတ္တူ)
- (ဃ) အဆင့်သတ်မှတ်ချက်လက်မှတ်(မူရင်းနှင့်မိတ္တူ)

၅။ လျှောက်ထားသူသည် ကိုယ်တိုင်လာရောက်ပြီး အမျိုးသားမှတ်ပုံတင်/နိုင်ငံသားစိစစ်ရေး လက်မှတ်ပြသ၍ လျှောက်လွှာတင်ရမည်။ ကိုယ်စားတင်ခြင်း လုံးဝခွင့်မပြုပါ။

၆။ ရွေးချယ်ခံရသူများ၏ အမည်စာရင်းကို မြန်မာနိုင်ငံစာရင်းကောင်စီရုံးတွင် ၂၉-၆-၂၀၀၄ ရက်နေ့၌ ထုတ်ပြန်ကြေညာမည်။ ရွေးချယ်ခံရသူများသည် သင်တန်းကြေးများကို ၃၀-၆-၂၀၀၄နေ့မှစတင်၍ ၇-၇-၂၀၀၄ နေ့ထက် နောက်မကျစေဘဲ ပေးသွင်းကြရမည်။

တင်လှိုင်
အတွင်းရေးမှူး
စာရင်းကိုင်အလုပ်သင်နှင့်သင်တန်းကြီးကြပ်ရေးကော်မတီ

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးစိန်သန်း
ကျိုက္ကော် ကျန့်တိတ်ဘုံကျောင်းအမှုဆောင်
အသက်(၈၇)နှစ်

သထုံမြို့နယ်၊ ကျိုက္ကော်ဈေးတန်း၊ အမှတ် ၁၈၅ နေ (ဦးစစ်လာ-ဒေါ်ပု)တို့၏သား၊(ဦးကို)၊ဒေါ်တင်မေတို့၏အစ်ကို၊(ဒေါ်ဖွန်တီ)၏ခင်ပွန်း၊ ဦးကောက်-ဒေါ်ကျင်စန်း၊ ဦးမြင့်အောင်-ဒေါ်ကျင်ဟန်၊ ဦးချိန်ဟန်-ဒေါ်ခင်စန်းကြည်၊ ဦးချိန်ဟုတ်-ဒေါ်ချိုချိုစန်း၊ ဦးချိန်ဝင်း-ဒေါ်ဒွေးဒွေးဝင်းတို့၏ဖခင်၊ မောင်ကျော်ကျော်ဝင်း၊ ဆွေဇင်ဝင်း၊ ခိုင်သဇင်ဝင်း၊ မြတ်သူဝင်း၊ ခိုင်ရည်ဝင်း၊ ဘိုဘိုဝင်း၊ ညီနိုဝင်း၊ သင်းစုဝင်း၊ အေးခိုင်ခိုင်ဝင်း၊ ဟန်စုဝင်းတို့၏အဘိုးသည် ၂၃-၅-၂၀၀၄ရက် ညနေ ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၀၄ရက်တွင် သိမ်ဆိပ်တရုတ်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်အေးငွေ (ပေါင်းတလည်)
အသက်(၈၅)နှစ်

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ် မြို့ပတ် ၁ လမ်း၊ ငြိမ်းချမ်းအေးနဂါးရုံဘုရားအနီး၊ အရာရှိအိမ်ထောင်သည်လိုင်း၊အိမ်အမှတ် ၁၄၅နေ(ဦးအောင်ဒင်)၏ဇနီး၊ (ဦးကျော်သောင်း၊ ကုန်သွယ်/လယ်ယာ၊ တိုင်း/ဂျာ၊ ဝယ်ရောင်း၊ ပဲခူးတိုင်း)-ဒေါ်ခင်သိန်း၊ ဦးလှမြင့် (ငြိမ်း၊ အုပ်ချုပ်ကြပ်ကြီး-ရေ)-ဒေါ်မြင့်မြင့်၊ ဗိုလ်ကြီးမေအောင် - ဒေါ်မြင့်မြင့်အေး (ကထိက၊ ဌာနမှူး၊ ဓာတုဗေဒဌာန၊ တပ်မတော်ဆေးတက္ကသိုလ်)၊ ဒုတိယဗိုလ်မှူးကြီးစိုးလွင်(ငြိမ်း)-ဒေါ်စန်းစန်းအေး(ငြိမ်း၊ လ/ထ ကထိက၊ သင်္ချာဌာန)၊ ဦးဇော်ဝင်းမောင်-ဒေါ်မြင့်မြင့်သန်း(ကြယ်ငါးပွင့်ပွဲရုံ၊ ပေါင်းတလည်)၊ ဦးဝင်းဇော်[Diethelm & Co., Ltd. (CG)]၊ ဒေါ်သင်းသင်းကြိုင်တို့၏မိခင်၊ မြေး ၁၅ ယောက်တို့၏ အဘွားသည် ၂၄-၅-၂၀၀၄ရက် နံနက် ၄း၀၅ နာရီတွင် တပ်မတော်အသည်းရောဂါအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၆-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် တပ်မတော်ဆေးရုံကြီး (မင်္ဂလာဒုံ) တရားနာဆောင်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်စန်းရင်(ခ)ချူလျင်း
(ရွှေလောင်းမြို့)
အသက်(၇၃)နှစ်

ဧရာဝတီတိုင်း၊ ဝါးခယ်မမြို့နယ်၊ ရွှေလောင်းမြို့၊ ကမ်းနားလမ်း၊ အမှတ် ၄၄၄ နေ ဦးအမိုင်၏ဇနီး၊ ကိုသိန်းဇော်-မခင်မြမြ၊ ကိုမောင်မောင်မြင့်-မစုကျင်၊ ကိုအယုံး-မခင်ဒွေးဒွေး၊ ကိုအောင်ဝင်း-မနီနီခိုင်၊ ကိုထွန်းထွန်းလေး-မနီနီဝင်း၊ မမျိုးမျိုးခိုင်၊ ကိုညီညီလေး-မလီလီတို့၏မိခင်၊ မြေး ၁၅ ယောက်တို့၏အဘွားသည် ၂၄-၅-၂၀၀၄ရက် ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရွှေလောင်းမြို့တရုတ်သုသာန်သို့ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုး မိတ်သင်္ဂဟ အပေါင်းအားအကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်မြင့်မြင့်သင်း
လက်ထောက်မန်နေဂျာ(ငြိမ်း) ဟိုတယ်/ခရီး
အသက်(၆၇)နှစ်

ရန်ကုန်မြို့နေ (ဦးလှမောင်-ဒေါ်ခင်တင့်)တို့၏သမီး၊ အမှတ် ၄၁၊ အင်း၀လမ်း၊ ကျောက်မြောင်းနေ (ဦးတင်အေး)၏ဇနီး၊ ဦးအောင်အောင်လွင်-ဒေါ်စန္ဒာတို့၏မိခင်၊ မခိုင်နွေးထွေးအောင်၊ မောင်လင်းထက်အောင်တို့၏ အဘွားသည် ၂၃-၅-၂၀၀၄ရက်(တနင်္လာနေ့)ည ၁၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၀၄ ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

အမည်ပြောင်းခြင်း

အဖ ဦးပွင့်သီး၏သား အထက ဝါးနက်ချောင်း နဝမတန်းမှ မောင်ပွင့်ဖြိုးဦးအား မောင်ပွင့်ဖြိုးပိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ပွင့်ဖြိုးပိုင်။

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဦးသန်းဆွေ (ပုလောမြို့)
အသက်(၈၈)နှစ်

တနင်္သာရီတိုင်း၊ ပုလောမြို့၊ အမှတ် (၁)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းနေ (ဦးဖေချစ်-ဒေါ်ကျင်ရွှေ)တို့၏သားကြီး၊ (ဦးသောင်းဖေ - ဒေါ်နု)တို့၏ သားသမက်၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ အမှတ် ၁၂(ခ)နေ ဒေါ်သောင်းကျင်၏ခင်ပွန်း၊ ဦးစစ်ခိုင် (ဂုဏ်ထူးဆောင်နာယက)-ဒေါ်ကြည်ဝင်း(အသင်းဝင်အမှတ်-၂၂၀)တို့၏ဖခင်သည် ၂၄-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆-၅-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။(အသင်းမှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့။

ဒေါ်လှမြိုင်
(ဝတ်အဖွဲ့နာယက၊ တာမွေကြီးပွားရေးဓမ္မာရုံ)
အသက်(၈၅)နှစ်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ တာမွေကြီး (က+ဂ)ရပ်ကွက်၊ ၁၅၆ လမ်း၊ အမှတ် ၂၁(ဘီ)နေ (ဦးဘဇံ-ဒေါ်ဝင်း)တို့၏သမီး၊ (ဦးသန်းတင်)၏ဇနီး၊ (ဒေါ်ခင်မာကြည်)၊ ဦးမျိုးမြင့်-ဒေါ်ခင်လေးမြင့်၊ (ဦးသောင်းညွန့်)-ဒေါ်စန်းယု၊ ဦးသန်းဦး - ဒေါ်အေးအေးကြည်၊ ဦးအောင်မြင့်-ဒေါ်စန်းစန်းဝင်း၊ ဦးဝင်းကြည်-ဒေါ်စန်းစန်းမော်တို့၏မိခင်၊ မြေး ၁၄ ယောက်၊ မြစ်လေးယောက်တို့၏ အဘွားသည် ၂၄-၅-၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၀၄ ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအုန်းကြိုင်(ခ)
ဦးအောင်မိုး(ခ)မိုးမြင့်ဦး
(အလေးမ)(ရုပ်ရှင်သရုပ်ဆောင်)
(စာရေးဆရာ)
အသက်(၆၈)နှစ်

ရန်ကုန်မြို့နေ (ပါမောက္ခ ဦးဘညွန့်)-ဒေါ်အုန်းခင်တို့၏သား၊ ဦးတင်ဝင်း-ဒေါ်တင်တင်ဦး၊ (ဦးဝင်းညွန့်-ရုပ်ရှင်သရုပ်ဆောင်)၊(ဦးဝင်းဦး- ရုပ်ရှင်သရုပ်ဆောင်)တို့၏ညီ၊ (တက္ကသိုလ်ကြည်ရွှင်-ရုပ်ရှင်သရုပ်ဆောင်)-ဒေါ်ကြူကြူသင်း၊ ဗိုလ်ကြီးစိုးညွန့်(ငြိမ်း)-ဒေါ်ယုဇနဝင်း၊ ဦးအေးညွန့်-ဒေါ်ဝင်းကြည်၊ ဦးသန်းကျော်-ဒေါ်အေးမိစံ၊ ဒေါ်မာလာညွန့် (အာမခံ)တို့၏အစ်ကို၊ အမှတ် ၁၂၃၄၊ ပဒုမ္မာ ၁ လမ်း၊ (၄၉) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဒေါ်မေမြင့်ရီ (ရုပ်ရှင်သရုပ်ဆောင်)၏ခင်ပွန်းသည် ၂၂-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြင်ဆင်ဖတ်ရှုပါရန်
ဦးသန်းထွန်း
(ဆောက်/လျှပ်ကုန်သွယ်ရေး၊ငြိမ်း)
အသက်(၅၈)နှစ်

ဦးသန်းထွန်း၏ သဂြိုဟ်ချိန်အား ၂၅-၅-၂၀၀၄ရက် မွန်းလွဲ ၂ နာရီအစား နံနက် ၁၀ နာရီသို့ ပြောင်းရွှေ့ပါကြောင်းနှင့် နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။ ကျန်ရစ်သူမိသားစု။

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။

နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်
ဖုန်း-၂၄၅၆၄၅၊ ၂၄၅၆၄၂။

ဒေါ်ခင်မေ (မိုးကုတ်)
အသက်(၈၆)နှစ်

မိုးကုတ်မြို့၊ ထင်ရှူးခြံရပ်နေ (ဦးအောင်-ဒေါ်စီ)တို့၏သမီး၊ မြို့မရပ် (ဦးရုံး-ဒေါ်မေ)တို့၏ သမီးချွေးမ၊ (ဦးကျော်ကျော်)၏ဇနီး၊ ဗိုလ်ကြည်သောင်း-မီမီကို၊ ကိုမျိုးမင်း၊ ဖိုးသာထူး-အေမီကို၊ ကိုနီသွေး၊ အိရွှေစင်၊ သူရကိုကို၊ ယုဇနကိုကို၊ သန္တာအေး၊ ကိုစိုး-စန္ဒာအေး၊ နန္ဒာလင်း၊ မင်းသီဟ၊ လင်းဝဏ္ဏ၊ စန္ဒီစိုး၊ ထွန်းထွန်းဝင်း၊ ကြေးမုံဝင်း၊ အိကေခိုင်၊ သက်စုဖြူ၊ နေမျိုးသန်း၊ အောင်မျိုးသန်း၊ လွင်လွင်အောင်ဝင်း၊ ကျော်စွာအောင်ဝင်း၊ စည်သူအောင်ဝင်းတို့၏အဘွား၊ မြစ်ခြောက်ယောက်တို့၏ ဘွားဘွားသည် မိုးကုတ်မြို့၊ မြို့မရပ်နေအိမ်တွင် ၂၃-၅-၂၀၀၄ရက် နံနက် ၉း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၀၄ရက်တွင် နေအိမ်မှ ကုန်းမြင့်သာယာသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်မြသိန်း (အုတ်ဖို)
အသက်(၈၃)နှစ်

ပဲခူးတိုင်း၊အုတ်ဖိုမြို့နေ(ရှေ့နေ ဦးဘိုးဟန်-ဒေါ်မြသစ်)တို့၏သမီးကြီး၊အမှတ် ၈၄၆၊ အနော်ရထာလမ်း၊ (၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် အမှတ် ၃၊ မြောင်းမြလမ်း၊ စမ်းချောင်းနေ (ဦးစိန်းမောင်)၏ဇနီး၊ ပဲခူးမြို့နေ ဦးဖေအောင်၊ (ဦးတင်မောင်ကြီး)တို့၏အစ်မ၊ဒေါ်သင်းသင်းနိုင်(ပါမောက္ခ၊ ဌာနမှူး၊ သတ္တဗေဒဌာန၊ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)-ဦးရဲထွဋ်တင် (ကျွမ်းကျင်သူအားကစားဝန်ကြီးဌာန)၊ဒေါ်စိုးစိုးအေး(ဒု-အထွေထွေ မန်နေဂျာ၊ မြန်မာ့ဂုဏ်လျှော်ပစ္စည်းလုပ်ငန်း)၊ ဦးနေမျိုးဦး(အုပ်ချုပ်မှုဒါရိုက်တာ၊ S.M.S Co.Ltd.)-ဒေါ်ဥမ္မာခိုင်(မန်နေဂျာ၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း)၊ ဒေါ်မော်မော်အေး (ဒုညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)၊ ဦးရဲလွင်(မြို့နယ်ဥပဒေအရာရှိ၊ ညောင်တုန်းမြို့နယ်)-(ဒေါ်နီနီရွှေ)၊ဦးရဲထွဋ်-ဒေါ်တင်တင်မော်၊ ဦးနေမျိုးမြတ်(S.M.S Co.Ltd.)၊ ဦးဉာဏ်လင်းထွဋ်-ဒေါ်တင်တင်မိုး(တပ်မတော်အထည်ချုပ်၊ ဝါယာလက်)၊ ဦးဇော်လင်းထွဋ်(Liz Star Shipping)-ဒေါ်လွင်ချိုနိုင်(ရတနာသီဂီကုမ္ပဏီ)တို့၏ မိခင်၊ မဝင်းလဲ့ထွဋ်၊မဝင့်ရည်ထွဋ်၊ မခိုင်ခိုင်ရဲလွင်၊ မစိမ်းလဲ့ထွဋ်တင်၊ မောင်ဖွဲ့ရဲထက်၊ မကေခိုင်ထွဋ်၊မောင်ကောင်းထက်နေခိုင်၊ မောင်ကျော်ခေါင်ထွဋ်တို့၏ ဘွားဘွားကြီးသည် ၂၂-၅-၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(အမှတ် ၃၊မြောင်းမြလမ်း၊ စမ်းချောင်းနေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဒေါ်တင်တင်မေ (ဖျာပုံမြို့)
အသက်(၇၄)နှစ်

၁၉-၅-၂၀၀၄ရက်တွင် စစ်ကိုင်းတောင်ရိုး၊ သီတဂူ အာယုဒါနဆေးရုံတွင် ကွယ်လွန်သွားခဲ့သော ဒေါ်တင်တင်မေ အသက်(၇၄)နှစ်(ဖျာပုံမြို့)အား မကျန်းမာစဉ် ပြုစုကုသပေးခဲ့ပြီး၊ ကွယ်လွန်ပြီးနောက် ဈာပနကိစ္စအရပ်ရပ်အတွက် စီစဉ်ဆောင်ရွက်ပေးခဲ့သော ဆရာတော်များ၊ ဆေးရုံအုပ်ကြီးနှင့်ဆရာဝန် ဆရာမများ၊ ဝန်ထမ်းများနှင့် မိတ်သင်္ဂဟများအားကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးထွန်းအောင်ရိုန်
ဓာတ်ခွဲမှူး(အငြိမ်းစား)
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၆၁၊ ခြောက်လွှာ (ခေါင်းရင်းခန်း)၊ ကျောက်မြောင်းလမ်း၊ တာမွေမြို့နေ(ဦးဘိုကြီး-ဒေါ်စန်းကြည်)တို့၏သား၊ (ဦးမောင်တင်)-ဒေါ်ရှုခင် (ကျောက်မြောင်းဈေးအထည်ဆိုင်)တို့၏ သားသမက်၊ ဒေါ်မြသန်း၏ခင်ပွန်း၊ ဦးအုန်းလွင်(ဓာတ်မှန် S.O.S)-ဒေါ်သန်းသန်းအေးတို့၏ခမည်းခမက်၊ ဒေါ်သိန်းအိ၊ ဦးအောင်ထွန်းမြင့်-ဒေါ်ခင်မြမြ၊ ဒုတိယဗိုလ်မှူးကြီး သန်းဆွေ (ငြိမ်း)-ဒေါ်တင်တင်ဝင်း (စား/ဖျော်-ငြိမ်း)၊ ဦးမျိုးမြင့်-ဒေါ်မာမာဆွေ (စက်မှု-၁)တို့၏အစ်ကိုကြီး၊ ဒေါ်တင်တင်ရှိန်(စိုက်ပျိုးရေး)၊ ဒေါက်တာမောင်မောင်စိန် (သမားတော်၊ အင်းစိန်ပြည်သူ့ဆေးရုံ)-ဒေါက်တာမော်အေးလွင်(နား၊နှာခေါင်း၊လည်ချောင်း အထူးကု၊ နနလဆေးရုံ)၊ ဦးဇော်အောင်၊ ဒေါ်စုစုကြည်၊ ဒေါ်စန်းသီတာ၊ အငယ်လေးတို့၏ဖခင်၊ ဆုပြည့်စုံမောင်၊ ဆုပြည့်ဖြိုးမောင်တို့၏အဘိုးသည် ၂၄-၅-၂၀၀၄ရက် နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဦးသန်းဆွေ (ပုလော)
အသက်(၈၈)နှစ်

တနင်္သာရီတိုင်း၊ ပုလောမြို့၊ အမှတ် (၁)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းနေ (ဦးဖေချစ်-ဒေါ်ကျင်ရွှေ)တို့၏သားကြီး၊ (ဦးသောင်းဖေ-ဒေါ်နု)တို့၏ သားသမက်၊ အလုံမြို့နယ်၊ဆင်မင်းရပ်ကွက်၊ ဆဒ္ဒန်လမ်း၊ အမှတ် ၁၂(ခ) နေ ဒေါ်သောင်းကျင်၏ခင်ပွန်း၊ ဦးစစ်ခိုင်-ဒေါ်ကြည်ဝင်းတို့၏ဖခင်၊ မောင်ဇော်ဇော်-မနေမင်းမင်းဝင်း၊ (ထူးထူး)၊ မနန်းစုခိုင်၊ မဖြူနှင်းအိတို့၏ဘိုးဘိုးကြီးသည် ၂၄-၅-၂၀၀၄ရက် နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးချစ်လှ
အသက်(၇၇)နှစ်

မော်လမြိုင်မြို့၊ ဈေးကြိုဆန်တန်းရပ်နေ (ဦးလွန်းမောင်-ဒေါ်အေးမြိုင်)တို့၏သား၊ (ဦးထွန်းအောင်)-ဒေါ်သန်းမြင့်တို့၏ညီ၊ ဦးပါချွေး-(ဒေါ်အေးရှင်)၊ (ဦးခင်မောင်နိုင်)-ဒေါ်အေးရှင်၊ ဒေါ်မြင့်တို့၏အစ်ကို၊ ဒေါ်သိန်း၏ခင်ပွန်းသည် ၂၃-၅-၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၅-၂၀၀၄ရက်(တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင်မြိုင်သာယာနေအိမ်မှပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူညီမများ။

ဦးအေးမြင့်
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ငြိမ်း)
အသက်(၇၂)နှစ်

ရေနံချောင်းမြို့နေ(ဦးဘအိမ်-ဒေါ်တင်ဦး)တို့၏သား၊ (ဒေါ်ခင်သန်းမြင့်)၏ခင်ပွန်း၊မောင်လွှမ်းမိုး(ပတ္တမြားမိုးဆောက်လုပ်ရေး)၊မောင်တင့်လွင်-မမြတ်မြတ်နိုး(ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန)၊မောင်လွင်မိုးတို့၏ဖခင်၊ မအိမ့်ချိုးမိုးပွင့်၏အဘိုးသည်၂၃-၅-၂၀၀၄ရက်(တနင်္လာနေ့) နံနက် ၈း၄၅ နာရီတွင် သုဝဏ္ဏမြို့၊ ဘော်စင်လမ်း နေအိမ်တွင် ကွယ်လွန်သွားပါ၍ ၂၅-၅-၂၀၀၄ရက်(အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများမွန်းလွဲ၁း၄၅နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးရဲနိုင်(ခ)ဦးသောင်း
ကြီးကြပ်ရေးမှူး(ငြိမ်း)
(နေပြည်တော်ရုပ်ရှင်ရုံ)
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၃)ရပ်ကွက်၊ အမှတ် ၂၂၁ နေ (ဦးမြ-ဒေါ်အေး)တို့၏သားကြီး၊ ဦးသိန်းထိုက်(ဒုညွှန်ကြားရေးမှူး၊ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်ရေးလုပ်ငန်း၊ စက်မှု-၂)-ဒေါ်လှလှ(အလပြ၊ ငြိမ်း၊ ထ-၄၊ ဒဂုံမြောက်)တို့၏အစ်ကိုကြီး၊ (မစပယ်မြ)၊ မောင်ဗိုလ်မင်းနိုင်(New World Printing House)-မသဇင်အေး(Prosperous Freight °°Service Ltd.)တို့၏ ဘကြီးသည် ၂၄-၅-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၃း၄၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြင့်မြင့်ဝင်း
(ကျောက်မော်)
အသက်(၄၄)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ရွာကြီးမြောက်ရပ်ကွက်နေ ဦးမှတ်ကြီး-ဒေါ်မြညွန့်တို့၏သမီး၊ ဦးအောင်ကျော်ဖြူ-(ဒေါ်ငယ်)တို့၏သမီးချွေးမ၊ ဧရာဝတီတိုင်း၊ လပွတ္တာမြို့နယ်၊ ကျောက်မော်ကျေးရွာနေ ကိုမြင့်ဦး-မတင်တင်ဝင်း၊ မောင်သန်းရွှေ-မတင်တင်လှိုင်၊ မောင်မြင့်အောင်-မမြင့်မြင့်အေး၊ မောင်မောင်မြင့်-မအေးအေးတို့၏အစ်မ၊ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ မြစပယ်လမ်း၊ အမှတ် ၁၄၆/က နေ တပ်ကြပ်ကြီးကျော်သိန်း(ကာကွယ်ရေးဝန်ကြီးဌာန)၏ဇနီး၊မခိုင်သဇင်ကျော်(အထက-၂၊ ဒဂုံ)၊ မောင်ရဲထက်ကျော်(အထက-၂၊ ဒဂုံ)တို့၏မိခင်သည် ၂၂-၅-၂၀၀၄ရက် ညနေ ၅း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၀၄ ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးထင်မောင် (ဗန္ဓုလ)
(မအူပင်)
(မအူပင်မြို့နယ်အသင်း ကန်တော့ခံ)
ယခင်မြန်မာ့လက်ရွေးစင် မြူနီစီပယ်ဘောလုံးသမားဟောင်း
ရန်ကုန်မြူနီစီပယ်အဖွဲ့
အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊တိုက်(အေ)၊ အခန်း ၂၀၆ နေ (ဦးကျော်လှ-ဒေါ်သောင်း)တို့၏သား၊ ဒေါ်အေးကြည်၏ခင်ပွန်း၊ (ဦးခင်မောင်ရင်၊ ဒေါ်လှခင်၊ ဦးစောမောင်၊ ဦးကျင်မောင်)တို့၏ညီ/မောင်၊ ဦးညီညီထွန်း-Dr. စန်းစန်းမြင့်တို့၏ဖခင်သည် ၂၃-၅-၂၀၀၄ရက် ည ၈ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊မုခ်ဦးဒါယကာကြီး
ဦးစိန်သိန်း (ကညွတ်ကွင်း)
မြို့နယ်သ/မမန်နေဂျာ(ငြိမ်း)
၄၀၃-A ရုံ (သိမ်ကြီးဈေး)
အသက်(၈၁)နှစ်

ကညွတ်ကွင်းမြို့နေ (ဦးစောရှိန်-ဒေါ်ပေါင်ဒါ)တို့၏သားကြီး၊ (ဦးအေးမောင်)-ဒေါ်ခင်ကြည်၊ (ဦးခင်-ဒေါ်သန်းရီ)တို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ အမှတ် ၅၈(ခြောက်လွှာ)၊ ဩဘာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေ ဒေါ်ခင်လှလှ၏ခင်ပွန်း၊ ဦးငွေစိုး-ဒေါ်မြမြရီ၊ ဦးတင်ဌေး-ဒေါ်တင်အေးဆွေ၊ ဒေါ်သန်းသန်းရီ၊ ဒေါ်အေးအေးရီ၊ ဦးကျော်စိုးဝင်း-(ဒေါ်စန်းစန်းရီ)၊ဦးမောင်မောင်မြင့်၊ ဒေါ်စပယ်ရီတို့၏ဖခင်၊ မြေး ၁၀ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၃-၅-၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၅း၄၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၀၄ရက် (အင်္ဂါနေ့)ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်လေးကြည်
ဟင်္သာတ(ခြောက်ရွာ)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် (၆)ရပ်ကွက်၊ တိုက် ၂၄၂၊ အခန်း ၁ နေ (ဦးဖိုးစိန်-ဒေါ်စန်းညွန့်)တို့၏သမီးကြီး၊ (ဦးမြင့်သိန်း၊ စက်မှု-၁၊ ငြိမ်း)၏ဇနီး၊ ဦးချစ်ထွန်း၊ (ဦးသိန်းလှိုင်)၊ ဒေါ်သန်းဆင့်၊ ဦးတင်အေး၊ ဒေါ်တင်ရီတို့၏အစ်မကြီး၊ ဦးအောင်ကျော်ဇော-ဒေါ်ကေသီခိုင်(ဒုဦးစီးမှူးထွေ/အုပ်)၊ မခင်မော်မော်သိန်း၊ မခင်အိအိသိန်း၊ ကိုရဲနိုင်စိုး-မခင်နီလာသိန်း၊ ကိုစောလှဖြူ-မသင်းပပသိန်းတို့၏မိခင်မြေးငါးယောက်တို့၏ဘွားဘွားကြီးသည် ၂၄-၅-၂၀၀၄ ရက် နံနက် ၁၀း၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၅-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကိုကျင်သိန်း (ဂျိမ်း)
(မြောင်းမြ)
အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အမှတ်(၄၆)ရပ်ကွက်၊ စံရိပ်ငြိမ်လမ်း၊ အမှတ် ၅၁၆ နေ (ဦးသိန်းအောင်၊ တိုင်းတရားသူကြီး၊ ငြိမ်း)-ဒေါ်ကြင်ပွားတို့၏သား၊ ဦးကျော်သိန်း(ခ)ဦးရဲထွဋ်-ဒေါ်တင်တင်ခိုင်၊ ဒေါက်တာလှရှိန်၊ ဒေါ်မေဇီအောင်(ဦးစီးအရာရှိ၊ ကုမ္ပဏီအခွန်ရုံး)၊ဒေါ်ဘေဘီအောင်-ဒေါက်တာထွန်းထွန်း (ကလေးအထူးကု၊ မအူပင်ဆေးရုံကြီး)၊ ဦးသိန်းတင်(ပုလဲ-ငါး၊ ငြိမ်း)-(ဒေါ်အေးအေးတိုး)တို့၏ ညီ/မောင်၊ ဦးအေးမြင့်-ဒေါ်စန်း(တရားရေးဝန်ထမ်း၊ အဆင့်-၄၊ ခရမ်းမြို့နယ်တရားရုံး)တို့၏အစ်ကို၊ မောင်စိုးဇေယျာထွန်း (ခ)ဂျူနီယာဂျိမ်း(အထက-၁၊မြောင်းမြ)၏ဖခင်သည် ၂၄-၅-၂၀၀၄ရက် နံနက် ၇း၁၅ နာရီတွင် Green Cross အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တ ရေဝတမဟာထေရ် (ထားဝယ်)
သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၆၉)ဝါ

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ မိုးမခလမ်း၊ ဇေယျာသုခကျောင်းတိုက်၏ ဦးစီးပဓာနနာယက ရန်ကုန်မြို့၊ ထားဝယ်ဆရာတော်များဦးစီးသော ထားဝယ်ရဟန်းတော်များ နာရေးထောက်ပံ့မှုအသင်းနှင့် ပရိယတ္တိနုဂ္ဂဟစာမေးပွဲအောင် ဆုချီးမြှင့်ရေးအသင်း၏ ဩဝါဒါစရိယ ဖြစ်တော်မူသော ဘဒ္ဒန္တရေဝတမဟာထေရ်မြတ်သည် ၁၃၆၆ ခုနှစ် နယုန်လဆန်း ၅ ရက် (၂၃-၅-၂၀၀၄ရက်)တနင်္လာနေ့ နံနက် ၄း၀၅ နာရီတွင် အထက်ပါကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပြီဖြစ်ပါ၍(၃၀-၅-၂၀၀၄ရက်)တနင်္ဂနွေနေ့ ညနေ ၃ နာရီတွင် ဇေယျာသုခကျောင်းတိုက်မှ ထိန်ပင်သုသာန်သို့ ပင့်ဆောင်၍မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (မော်တော်ယာဉ်များ ဇေယျာသုခကျောင်းတိုက်မှ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) တပည့်သံဃာတော်များနှင့်ဒါယကာဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ သုမန (ဓမ္မာစရိယ)
သက်တော်(၄၄)နှစ်၊ သိက္ခာတော်(၂၄)ဝါ

ဧရာဝတီတိုင်း၊ ဟင်္သာတမြို့၊ ညောင်ပင်ဈေးရပ်၊ အလုံကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တသုမန(ဓမ္မာစရိယ) အရှင်သူမြတ်သည် ၁၃၆၆ခုနှစ် နယုန်လဆန်း ၂ ရက် (၂၀-၅-၂၀၀၄ရက်) သောကြာနေ့ ညနေ ၆း၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၆ခုနှစ် နယုန်လဆန်း ၁၀ ရက် (၂၈-၅-၂၀၀၄ရက်) သောကြာနေ့ မွန်းလွဲ ၁ နာရီတွင် ဟင်္သာတမြို့၌ အန္တိမအဂ္ဂိဈာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ဈာပနကျင်းပရေးကော်မတီ။

ဒေါ်အုံးရင်
ဘားအံမြို့(နောင်တုတ်ရွာ)
အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၀)ရပ်ကွက်၊ဗိုလ်ဇင်ယော်လမ်း၊အမှတ် ၂၃ နေ (ဦးပန်းရောင်-ဒေါ်နန်းအိန္ဒြေ)တို့၏သမီး၊ ဦးကျော်ဝင်း၏ဇနီး၊ ဦးဝင်းကျော်-ဒေါ်ခင်ခင်စော၊ ဦးမြကြည်-(ဒေါ်မြင့်မြင့်မော်)၊ (ဗိုလ်သိန်းကျော်)၊ အမှတ် ၁၂၄၊ ဘုရားလမ်း၊ အဏ္ဏဝါရပ်ကွက်၊ ကော့သောင်းမြို့နေ ဦးဘိုနီ(ခ) ဦးမျိုးသန့်-ဒေါ်မင်းမင်းထွန်း(ခ)မချော တို့၏မိခင်၊ မြေး ၁၅ ယောက်၊ မြစ်ကိုးယောက်တို့၏အဘွားသည် အထက်ပါနေအိမ်၌ ၂၃-၅- ၂၀၀၄ရက်(တနင်္လာနေ့)ည ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၅-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးဝင်းချို(ခ)ချိုကြီး
(သာယာဝတီ၊ သဲဖြူ)
တပ်မတော်-ရေ/ဆေး(ငြိမ်း)
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ စ/သုမင်္ဂလာအိမ်ရာ၊ အမှတ် ၂၆/၅၊ အခန်း ၀၀၁(မြေညီထပ်)နှင့်သာယာဝတီမြို့၊ ဓမ္မာရုံလမ်းနေ (ဦးညွန့်-ဒေါ်ခင်ရီ) တို့၏သားကြီး၊ (ဦးတင်လေး-ဒေါ်စိုးညွန့်)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်ချို(ခ)ချိုလေး၏ခင်ပွန်း၊ မဦးဦးသန်း၊ တကလှကျော် (စည်ပင်ရဲတပ်ဖွဲ့)-ဒေါ်ဒွေးဒွေး(အမက-၁၄၊ကမာရွတ်)၊ ဒေါ်မိုးမြတ်မြတ်ဦးတို့၏ဖခင်၊ မမြကေခိုင်ဖြူ၊ မောင်ကျော်ကျော်လတ်၊ မောင်အောင်မြတ်ကျော်တို့၏အဘိုးသည် ၂၀-၅-၂၀၀၄ရက်တွင် သျှင်ပါကူဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၀၄ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးနေမိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်သန်းသန်းနွယ်
(စိန့်ဂျိုးဇက်ကျောင်းသူဟောင်း)
အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ စံပြ ဖဆပလရပ်ကွက်၊ တိုက် ၉၊ အခန်း ၇ နေ (ဦးအုံးကျော်-ဒေါ်လှတင်)တို့၏သမီးကြီး၊ (ဦးကျော်ညွန့်)-ဒေါ်အေးမြင့်တို့၏ သမီးချွေးမ၊ ဦးသာထွန်းစံ(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၏ဇနီး၊ (ဦးစစ်နိုင်)၊ ဦးမင်းဇော်-ဒေါ်လှမြတ်နွယ်တို့၏အစ်မကြီး၊ မောင်အောင်ခိုင်စိုး၊ မောင်ဉာဏ်လင်းထွန်း၊ မအေးစန္ဒာမြင့်တို့၏မိခင်၊ မအေးချမ်းမြ၊ မောင်ရွှေဖိုးအောင်၊ မောင်ဟိန်းထက်အောင်တို့၏အဒေါ်၊ မပြည့်သဲကို၏ အဘွားသည် ၂၃-၅-၂၀၀၄ ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၂၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါ၍ ၂၅-၅-၂၀၀၄ရက် (အင်္ဂါနေ့)ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မေ (မိုးကုတ်)
အသက်(၈၆)နှစ်

မိုးကုတ်မြို့၊ ထင်ရှူးခြံရပ်နေ (ဦးအောင်-ဒေါ်စီ)တို့၏သမီး၊ မြို့မရပ် (ဦးရုံး-ဒေါ်မေ)တို့၏ သမီးချွေးမ၊ (ဦးကျော်ကျော်)၏ဇနီး၊ မြို့မရပ် (ဦးထယ်)(ဦးကြွယ်)၊ ဈေးဟောင်းရပ်နေ (ဒေါ်ဒေါ်အေး)၊ရှမ်းစုရပ်နေ(ဦးသူတော်)၊ (ဒေါ်စောညွန့်)၊ ရန်ကုန်မြို့၊ ဗိုလ်အောင်ကျော်လမ်းနေ (ဒေါ်မြသွယ်)၊ မိုးကုတ်မြို့၊ ထင်းရှူးခြံရပ်နေ (ဒေါ်အေးမယ်)တို့၏ညီမ၊ ရန်ကုန်မြို့၊ ကျောက်ကုန်းနေ (ဒေါ်တင်မေ)၊ မိုးကုတ်မြို့၊ စည်ပင်သာယာရပ်နေ (ဒေါ်ခင်ရွှေ)တို့၏အစ်မ၊ ဦးကိုကိုကြီး-ဒေါ်မြင့်မြင့် (မြို့မရပ်)၊ ဒေါက်တာဦးကိုကို-ဒေါ်မော်လီမြမြဝင်း၊ ဦးခင်မောင်အေး-ဒေါ်ခင်သန်းနု(ရှမ်းစုရပ်)၊ ဦးတင်မောင်အေး(မြို့မရပ်)၊ ဒေါက်တာရဲထွဋ်စိုး-ဒေါက်တာရီရီဝင်း၊ (ကိုစိန်ဝင်း-မြို့မရပ်)တို့၏မိခင်၊ ဦးခင်မောင်ဝင်း-ဒေါ်စိန်စိန်တင်၊ ဦးခင်မောင်သန်း-ဒေါ်ရီရီ၊ ဦးအောင်ဝင်း-ဒေါ်အမာတို့၏ကြီးတော်သည် မိုးကုတ်မြို့၊ မြို့မရပ်နေအိမ်၌ ၂၃-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၀၄ ရက်၌ နေအိမ်မှ ကုန်းမြင့်သာယာ သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

အုတ်ဖိုမြို့နယ်အသင်း
ဒေါ်မြသိန်း
အသက်(၈၃)နှစ်

ပဲခူးတိုင်း၊ အုတ်ဖိုမြို့နေ (ရှေ့နေ ဦးဘိုးဟန်-ဒေါ်မြသစ်)တို့၏သမီးကြီး၊ အမှတ် ၈၄၆၊ အနော်ရထာလမ်း၊ (၄) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် အမှတ် ၃၊ မြောင်းမြလမ်း၊ စမ်းချောင်းမြို့နယ်နေ (ဦးစိန်းမောင်)၏ဇနီး၊ ပဲခူးမြို့နေ အသင်းဝင် ဦးဖေအောင်၊ (ဦးတင်မောင်ကြီး)တို့၏အစ်မသည် ၂၂-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆-၅-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသဖြင့် အသင်းဝင်များလိုက်ပါပို့ဆောင်ကြပါရန်။ (အမှတ် ၃၊ မြောင်းမြလမ်း၊ စမ်းချောင်းမြို့နယ် နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့။

မောင်လှချစ်ငွေ(ခ)ချာတိတ်
(သုံးခွမြို့)
အသက်(၃၇)နှစ်

ရန်ကုန်တိုင်း၊ သုံးခွမြို့၊ အမှတ်(၃) ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်၅နေ ဦးတင်ငွေ-ဒေါ်မြင့်ရီတို့၏သား၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ ဝက်ပုတ်ကျေးရွာနေ ဦးစိုးသိန်း-ဒေါ်မြင့်ကြည်တို့၏သားသမက်၊ ကိုမြင့်ဦး-မနီ၊ ပုတ္တာလုတ်ရွာနေ ကိုကြည်မြင့်-မလဲ့လဲ့၊ ကိုအေးမျိုး-မမြသန်း၊ ကိုမျိုးဦး-မနွဲ့နွဲ့တို့၏မောင်၊ မနီလာဝင်း၏ ခင်ပွန်းသည် ၂၃-၅-၂၀၀၄ရက်(တနင်္လာနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၀၄ရက် (အင်္ဂါနေ့)မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ ဥက္ကံသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

မြန်မာလူငယ်ရွက်လှေသမားများ ချောင်းသာကမ်းခြေတွင် ပင်လယ်ပြင်အတွေ့အကြုံရရန် လေ့ကျင့်လျက်ရှိရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အိုလံပစ်ကော်မတီဝင် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးမိုးမြင့်နှင့်တာဝန်ရှိသူများ ပင်လယ်ပြင်လေ့ကျင့်မှုကို ကြည့်ရှုအားပေးကြစဉ်။

ဓာတ်ပုံမှတ်တမ်း - ကျော်ခိုင်
(အား/က မြန်ကြားရေး)

အာဆီယံအိုးပင်း အသက်(၁၅)နှစ်အောက် အော့တမစ်ရွက်လှေပြိုင်ပွဲ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ဒီဇင်ဘာလ၌လက်ခံကျင်းပမည်

သတင်းဆောင်းပါး-သိန်းဝင်းလေး (မြန်မာ့အလင်း)
ဓာတ်ပုံမှတ်တမ်း-ကျော်ခိုင် (အား/က ပြန်ကြားရေး)

ရန်ကုန် မေ ၂၄

အာဆီယံအိုးပင်း အသက်(၁၅)နှစ်အောက် အော့တမစ်ချန်ပီယံရှစ်(Ship)လူငယ်ရွက်လှေပြိုင်ပွဲကို ယခုနှစ် ဒီဇင်ဘာ ၁၃ရက်မှ ၂၁ရက်အထိ ရေဝတီတိုင်း ချောင်းသာကမ်းခြေတွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန် စီစဉ်ထားသည်။

စာမျက်နှာ ၁၁ ကော်လံ ၃ ■

စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ်ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိပြီ

ရန်ကုန် မေ ၂၄

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် သူရဦးစိုးအောင်သည် မေ ၂၁ ရက် မွန်းလွဲ ၂နာရီတွင် စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ်သို့ ရောက်ရှိပြီး မြို့နယ်လုံးကျွတ် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိမှု အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်သည်။

စာမျက်နှာ ၁၁ ကော်လံ ၄ ❐

လက်တွဲဝန်းရံ
အမျိုးသားညီလာခံ

အလုံဆိပ်ခံတံတားတွင် ကုန်သေတ္တာများတင်ချရာ၌ အသုံးပြုသည့် ခေတ်မီစက်ကိရိယာများကို တွေ့ရစဉ်။ **(အောက်ပုံ)** နှင့် Asia World Port Management Co.,Ltd. ၏ အလုံဆိပ်ခံတံတား အမှတ်(၂)၊(၁)နှင့် အမှတ်(၃)တို့တွင် ကုန်တင်လုပ်ငန်းများဆောင်ရွက်နေသော နိုင်ငံခြားကုန်တင်သင်္ဘောများနှင့် ကုန်သေတ္တာကွင်း မြင်ကွင်းကျယ်ကိုတွေ့ရစဉ်။ **(အောက်ဆုံးပုံ)**

ဓာတ်ပုံမှတ်တမ်း - ဇော်ဇော်(အေးရှားဝေါလ်)

နိုင်ငံတော်၏ခေတ်မီဆိပ်ကမ်းလိုအပ်ချက် ဖြည့်ဆည်းပေးမည့် အလုံအမှတ်(၂)၊(၁)နှင့်(၃)ဆိပ်ခံတံတားများ

သတင်းဆောင်းပါး–နေမျိုး၊ ဓာတ်ပုံမှတ်တမ်း–ဇော်ဇော် (အေးရှားဝေါလ်)

ရန်ကုန် မေ ၂၄

"တည်ငြိမ်အေးချမ်းပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီးဖြစ်ပေါ်စေရေး"ဟူသော အချက်နှစ်ရပ်မှာ နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်များပင်ဖြစ်သည်။ အမျိုးသားရေးရည်မှန်းချက်နှင့်အညီ နိုင်ငံတော်၏ စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများကိုဖိတ်ခေါ်၍ ဆောင်ရွက်ရန် ဦးတည်ချက်ထားရှိပြီး တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အခန်းကဏ္ဍကိုလည်း မြှင့်တင်အားပေးလျက်ရှိသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ●